ကြောင်ဆင်းအိုင်ကျေးရွာ

ကြောင်ဆင်းအိုင်ကျေးရွာအုပ်စု၊ တန်ဆည်မြို့နယ်

စစ်ကိုင်းတိုင်းဒေသကြီး
ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်း စာတမ်း

(ကျေးရွာ၏ လက်ရှိဖွံ့ဖြိုးရေးအခြေအနေနှင့် ဦးစားပေးဆောင်ရွက်မည့် ဖွံ့ဖြိုးရေးလုပ်ငန်းများ)

စီမံကိန်းပြုစုရေးသားသည့် အဖွဲ့

ကျေးရွာဖွံ့ဖြိုးရေးကော်မတီ၊ ကြောင်ဆင်းအိုင်ကျေးရွာ
(ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၊ တန်ဆည်မြို့နယ်၏ အကူအညီဖြင့် ရေးဆွဲပါသည်။
နိုဝင်ဘာ၊ ၂၀၁၈

မာတိကာ

မာတိကာ

ကြောင်ဆင်းအိုင်ကျေးရွာသယံဇာတအရင်းအမြစ်ပြမြေပုံ၊ တန်ဆည်မြို့နယ်

၁။ တည်နေရာနှင့် ပထဝီအနေအထား

၂။ ရာသီဥတုနှင့် သဘာဝအရင်းအမြစ်များ

၃။ ကျေးရွာရှိ ကဏ္ဍအသီးသီး၏ လက်ရှိဖွံ့ဖြိုးမှုအခြေအနေ

(က) ဖွံ့ဖြိုးရေးဆိုင်ရာ စီမံခန့်ခွဲမှု အခြေအနေ

(ခ) စီးပွားရေးနှင့် အသက်မွေးမှု အခြေအနေ

(ဂ) အခြေခံအဆောက်အဦးနှင့်ဝန်ဆောင်မှုများ

(ဃ) ဘဏ်နှင့် ငွေကြေးဝန်ဆောင်မှု

(င) ပညာရေး

(စ) ကျန်းမာရေး

(ဆ) ဘေးန္တရာယ်များနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး

(ဇ) ကျား – မ ရေးရာ

(ဈ) လူငယ်ဖွံ့ဖြိုးရေး


၄။ ဦးစားပေးဆောင်ရွက်မည့် ဖွံ့ဖြိုးရေးလုပ်ငန်းများ

နောက်ဆက်တွဲများ

နောက်ဆက်တွဲ (၁) “ကြောင်ဆင်းအိုင်ကျေးရွာ ဖွံ့ဖြိုးရေးဗျူဟာ ဇယား

နောက်ဆက်တွဲ (၂) - ကြောင်ဆင်းအိုင်ကျေးရွာဖွံ့ဖြိုးရေး အထောက်အကူပြု ဇယားများ

ကြောင်းဆင်းအိုင်ကျေးရွာ သယ်ဇာတပြမြေပုံ



၁။ တည်နေရာနှင့် ပထဝီဝင်အနေအထား

ကျေးရွာသည်စစ်ကိုင်းတိုင်းဒေသကြီး၊ရွှေဘိုခရိုင်၊တန့်ဆည်မြို့နယ်အတွင်း၌တည်ရှိပြီးရေဦး-ကလေးဝ ခရိုင်ချင်းဆက်ကားလမ်းမကြီးနှင့်(၁မိုင်)ခန့်အကွာအဝေးတွင်ရှိပါသည်။မြို့နယ်ရုံးများတည်ရှိရာ တန့်ဆည်မြို့နှင့်ဆက်သွယ်သွားလာရလွယ်ကူပါသည်။ကျေးရွာသည်မြေပြန့်ဒေသနေရာတွင်တည်ရှိပြီးအဓိကစီးပွားရေးလုပ်ငန်းကိုစိုက်ပျိုးရေးလုပ်ငန်းဖြင့်လုပ်ကိုင်ကြသူများဖြစ်ကြသည်။

၂။ ရာသီဥတုနှင့် သဘာဝအရင်းအမြစ်များ

ကျေးရွာ၏နေရာအရပ်ဒေသသည်မိုးကောင်းအရပ်ဒေသဖြစ်သဖြင့်နှစ်စဉ်ရာသီဥတုကောင်းမွန်သည်ဟုမရှိပေ။ ကျေးရွာ၏အနီးပတ်ဝန်းကျင်မှာမြေပြန့်အနေအထားဖြစ်ပြီးစိုက်ပျိုးမြေဧကကျယ်ပြန့်ပေါများသည်။ ကျေးရွာ၏အနီးအနားတွင်ရခဲ့ဆည်နှင့်ချောင်းများရှိပါသည်။ကျေးရွာ၏အနောက်တောင်ဘက် (၁မိုင်)ခန့်အကွာအဝေးတွင်ဂျင်းကျောက်ကုန်းမြေရှိသဖြင့်လမ်းခင်းဂျင်းမြေကိုရရှိနိုင်သည်။ ကျေးရွာ၏အနီးအနားရှိချောင်းမှလည်းသဲ၊ကျောက်များအလွယ်တကူရရှိနိုင်သည်။

၃။ကျေးရွာရှိ ကဏ္ဍအသီးသီး၏ လက်ရှိဖွံ့ဖြိုးမှုအခြေအနေ

(က) ဖွံ့ဖြိုးရေးဆိုင်ရာ စီမံခန့်ခွဲမှု အခြေအနေ

ကျေးရွာတွင် ဘာသာရေး လူမှုရေး ဖွံ့ဖြိုးရေး စသည့် လူမှုအဖွဲ့စည်းဆိုင်ရာ ၇ ဖွဲ့ရှိပါသည်။ ၎င်းအဖွဲ့အစည်းများအနက် ရပ်မိရပ်ဖအဖွဲ့ နှင့် လူငယ်အသင်းအဖွဲ့တို့မှာ ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများဆောင်ရွက်မှုကောင်းမွန်သည်။ ဂေါပကအဖွဲ့နှင့် ဓမ္မစကြာ်အသင်းအဖွဲ့တို့၏ ဘာသာရေးနှင့် ယဉ်ကျေးမှုဆိုင်ရာလုပ်ငန်းများဆောင်ရွက်မှုသည် အသင့်အတင့်ကောင်းမွန်မှုရှိသည်။ ကျောင်းကော်မတီနှင့် မိုးကော်မတီတို့၏ ပညာရေးဆိုင်ရာလုပ်ငန်းများ၊ ကျေးရွာလျှပ်စစ်မီးလင်းရေးလုပ်ငန်းဆောင်ရွက်မှုများမှာလည်း အသင့်အတင့်ကောင်းမွန်သည်။ ကျေးရွာလမ်းကော်မတီ၏ ဆောင်ရွက်မှုသည်လည်း ကျေးရွာချင်း ဆက်လမ်းပြုပြင်မှု၊ ကျေးရွာတွင်းလမ်းကောင်းမွန်အောင်ဆောင်ရွက်မှုတို့ကြောင့် ဆက်သွယ်သွားလာရအဆင်ပြေကြသည်။ သို့သော် ကျေးရွာတွင်းလမ်းမှာ မိုးတွင်းကာလတွင် သွားလာရခက်ခဲမှုများရှိပေသည်။ ကျေးရွာရှိ အဆိုပါအဖွဲ့အစည်းများ၏ ချိတ်ဆက်ဆောင်ရွက်မှု၊အဖွဲ့အစည်းဆိုင်ရာ သဘောတရားတို့နှင့်ပတ်သက်၍ ယေဘုယျအားဖြင့် အားနည်းကြပြီး အဖွဲ့အစည်း များ စွမ်းဆောင်ရည်မြှင့်တင်ရေး သင်တန်းများရှိနိုင်ပါက ဖွံ့ဖြိုးရေးဆိုင်ရာစီမံအုပ်ချုပ်မှု ပိုမိုတိုးတက်ကောင်းမွန်လာနိုင်ပါသည်။

ကျေးရွာတွင် နိုင်ငံတကာအေဂျင်စီအဖွဲ့အစည်းများဖြစ်သော 3MDG/UNOPS Myanmar၊ ဥရောပ-အာရှကော်မာရှယ် ကုမ္ပဏီလိမိတက် ဟူ၍ အဖွဲ့အစည်းများရှိပါသည်။ ဥရောပ-အာရှကော်မာရှယ် ကုမ္ပဏီလိမိတက်မှ လာရောက်ကူညီပေးခြင်းကြောင့် သောက်သုံးရေရရှိမှု(စက်တပ် ရေတွင်း) ကို ၂၀၁၆ခုနှစ်တွင် တူးဖော်ခဲ့ပါသည်။UNOPS Myanmarလာရောက်ကူညီပေးခြင်းကြောင့် ကျေးလက်ကျန်းမာရေးဌာနခွဲကို (၂၀၁၇)ခုနှစ်တွင်ဆောက်လုပ်ပေးခဲ့ပါသည်။

(ခ)စီးပွားရေးနှင့် အသက်မွေးမှု အခြေအနေ

ကျေးရွာတွင်အိမ်ထောင်စုပေါင်း(၁၁၄စု)နှင့် ကျား(၂၈၁)ဦး၊မ(၃၆၂)ဦးဖြင့် လူဦးရေပေါင်း(၆၄၃)ဦး ရှိကာတစ်အိမ်ထောင်လျှင်ပျမ်းမျှ(၅)ဦးနှုန်းရှိပြီးနိုင်ငံတော်၏တစ်အိမ်ထောင်ပျမ်းမျှနှုန်း (၅)ဦးနှုန်းနှင့်ကိုက်ညီမှုရှိပါသည်။ကျေးရွာတွင်ဗမာလူမျိုး၊ဗုဒ္ဓဘာသာကိုးကွယ်ကြသူများနေထိုင်ကြပြီးအလုပ်လုပ်နိုင်သောအရွယ်သည်ကျေးရွာရှိလူဦးရေပေါင်း၏ (၇၂%)ရှိသဖြင့် လူသားအရင်းအမြစ်ကောင်းတစ်ရပ်ဖြစ်ပါသည်။ အဓိကဝင်ငွေရလုပ်ငန်းသည်စိုက်ပျိုးရေးဖြစ်ပါသည်။ယာမြေဧက (၂၃၈-ဧက)တွင်ဆောင်းရာသီမြေပဲသီးနှံ တစ်မျိုးသာအဓိကထားစိုက်ပျိုးနိုင်ပြီးလယ်မြေဧက (၄၃၈-ဧက)တွင်မိုးစပါးသီးနှံကိုသာ တစ်သီးစားစိုက်ပျိုးကြရသည်။ လယ်ယာမြေဧကများအတွက်စိုက်ပျိုးရေးကိုကျေးရွာ၏တောင်ဘက်(၂ဖာလုံ)ခန့်အကွာအဝေးတွင်စီဘိုးချောင်းနှင့်သဲသောင်ချောင်းရေကိုရယူအသုံးပြုကြရသည်။ကျေးရွာ၏အနောက်မြောက်အရပ် (၁မိုင်)ခန့်ရှိ ရခဲဆည်မှလည်းစိုက်ပျိုးရေကိုရယူအသုံးပြုကြရသည်။ ကျေးရွာ၏အနီးအနားတွင်ရခဲဆည်နှင့်ချောင်းများရှိသော်လည်းရခဲဆည်မှရေကို ကျောင်းကုန်း၊ ကြောင်ဆင်းအိုင်၊ အင်ပင်အိုင် သုံးရွာမျှသုံးနေရ၍ စိုက်ပျိုးရေမလုံလောက်ပါ။ ရခဲဆည်၏ဆည်ရေလှောင်နိုင်မှုမှာလည်း နည်းပါးလှသည်။ရခဲဆည်အား ထပ်မံ၍အဆင့်မြှင့်ပြုလုပ်ပေး နိုင်ပါကစိုက်ပျိုးရေလုံလောက်စွာရနိုင်ကြပေမည်ဖြစ်ပါသည်။တပိုင်တနိုင်မွေးမြူရေးအဖြစ်ခိုင်းနွားမွေးမြူရေး၊ဝက်မွေးမြူရေးပြုလုပ်သော အိမ်ထောင်စုများလည်းရှိပါသည်။သီးနှံစိုက်ပျိုးရေးလုပ်ငန်းမှ ဝင်ငွေအထိုက်အလျောက်ရရှိသော်လည်း မွေးမြူရေးလုပ်ငန်းကို စိတ်ဝင်တစားဆောင်ရွက်ချင်သူများရှိပါသည်။ တစ်နိုင်တစ်ပိုင်မွေးမြူရေးလုပ်ငန်းကို တစ်ဖက်တစ်လှမ်းမှ မိသားစုဝင်ငွေရရှိအောင် လုပ်ကိုင်နိုင်ချင်သော်လည်း ရင်းနှီးငွေအားနည်းခြင်း၊ မွေးမြူရေးနည်းပညာ အားနည်းခြင်း တို့ကြောင့် စီပွားဖြစ်မမွေးမြူနိုင်ကြသေးပါ။

ကျေးရွာတွင် အိမ်တွင်းကုန်ထုတ်လုပ်မှုလုပ်ငန်း လုပ်ကိုင်မှုမရှိပါ။ အခြားဝင်ငွေရ လုပ်ငန်းများမှာ နေ့စားအလုပ်များ၊ သယ်ယူပို့ဆောင်ရေးဝန်ဆောင်မှုများ၊ဈေးရောင်း၊အစိုးရဝန် ထမ်းများ၊လက်သမား၊ပန်းရံစသော လက်မှုပညာလုပ်ငန်းများ လုပ်ကိုင်ကြသည်။ စိုက်ပျိုးသီးနှံများ မှာ ရာသီဥတုနှင့် အမျိုးအစားအလိုက်တွက်ချေကိုက်မှု အနည်းအများမှ အသင့်အတင့်တွင်ရှိသည်။

ကျေးရွာတွင် အလုပ်လုပ်နိုင်သောလူဦးရေများပြားပြီး လူအရင်းအမြစ် အလားအလာ ကောင်းတစ်ရပ်ဖြစ်သည်။ မြို့ပေါ်တွင် အသက်မွေးဝမ်းကြောင်းလုပ်ငန်းများဖြစ်သော အပ်ချုပ်၊ ဇာထိုးပန်းထိုး၊ဆံပင်အလှပြင်၊မုန့်လုပ်နည်း၊မိုဘိုင်းဖုန်းပြင်၊ကားမောင်း၊ဝပ်လျော့ လုပ်ငန်းများနှင့်ပတ်သက်သောသင်တန်းများအထိအတွေ့နည်းပါးကြသည်။လုပ်ငန်းခွင်သုံးပညာအရည်အချင်းပိုင်း တွင်လည်း အနည်းငယ်အားနည်းပြီးကျွမ်းကျင်မှုကိုအခြေခံသည့် အလုပ်အကိုင်များ ရရှိမှုနည်းပါးသည်။

(ဂ) အခြေခံအဆောက်အဦးနှင့်ဝန်ဆောင်မှုများ

ကျေးရွာအတွင်းရှိ လမ်းနှင့် တံတားများကို (၂၀၀၆)ခုနှစ်တွင်တဆက်တည်းတည်ဆောက်ခဲ့ပြီး ကျေးရွာချင်းဆက်လမ်းအား ကျေးရွာမှ ကိုယ်ထူကိုယ်ထဖြင့် (၂၀၀၇-၂၀၀၈)ခုနှစ်တွင် တည်ဆောက်ခဲ့ပြီးတံတားများကိုလည်း (၂၀၀၇-၂၀၀၈)ခုနှစ်တွင် တည်ဆောက်ခဲ့ကြပါသည်။(၂၀၁၅-၂၀၁၆) ခုနှစ်တွင်ကျေးရွာချင်းဆက်လမ်းအား မြို့နယ်စည်ပင်သာယာရေးမှ ကျင်းမြေလမ်းအဖြစ် အဆင့်မြှင့် ခင်းပေးခဲ့သည်။

ကျေးရွာတွင်းလမ်းမှာ မြေသားလမ်းဖြစ်ပြီးလမ်းမြေနိမ့်ကျသဖြင့် မိုးတွင်းသွား လာရခက်ခဲမှုရှိနေသဖြင့် ကျင်းမြေလမ်းအဖြစ်ပြုပြင်ရန်လိုလားနေကြသည်။

ကျေးရွာတွင် မဟာဓါတ်အားလိုင်းမှ လျှပ်စစ်မီးရရှိနိုင်ရန်အတွက် မြို့နယ်လျှပ်စစ် ဦးစီးဌာန၏ ကျေးရွာဒေသလျှပ်စစ်မီးစီမံကိန်းသတ်မှတ်ဧရိယာ(၂)မိုင်အတွင်းတည်ရှိပါသည်။ ကျေးရွာတွင်းမဟာ ဓါတ်အားလိုင်းနှင့် ချိတ်ဆက်နိုင်ရန်အတွက် မီးတိုင်နှင့် လိုင်းကြိုးစရိတ် ကုန်ကျငွေများအား အိမ်ထောင်စုအများစုမှ မတတ်နိုင် သဖြင့် သက်ဆိုင်ရာဌာနများ၏ ကူညီမှုများလို အပ်နေသည်။

ကျေးရွာတွင် အခြေခံပညာမူလတန်းကျောင်းမှာကျောင်းဝန်းမြေအကျယ်(၀.၉၈)ဧက ရှိပြီး အလျား၁၂၀'၊အနံ ၂၀'၊အမြင့် ၁၂' ရှိ သွပ်မိုး၊အုတ်နံရံကာနှင့် အင်္ဂတေအခင်းပင်မကျောင်းဆောင်ဖြင့် သင်ကြားပေးသည်။ စာသင်ကျောင်းဆောင်ကို ၁၉၇၄ ခုနှစ် တွင် ကုန်ကျငွေ ၁၅၀၀၀၀/ကျပ်ဖြင့် ကျေးရွာမှ တည်ဆောက်ခဲ့ကြသည်။ကျောင်းခြံစည်းရိုးသတ်သတ်မှတ်မှတ်ရှိရန် နှင့် ကျောင်းသား/သူများ ပညာသင်ကြားမှု လုံခြုံစေရန် စာသင်ကျောင်းဝန်းတံတိုင်း တည်ဆောက်ရန် လိုလားနေကြသည်။

ကျေးရွာသူ/သားများအတွက် ကျန်းမာရေးဝန်ဆောင်မှုကို ကျေးလက်ကျန်းမာရေး ဌာနခွဲမှရရှိကြသည်။ လိုအပ်သော ဆေးဝါးလုံလောက်မှုမရှိသည့်အပြင် အအေးခန်းစနစ်ဖြင့်ဆေးဝါးသိုလှောင်ရန် လျှပ်စစ်မီးရရှိမှု လည်းလိုအပ်သည်။

သောက်သုံးရေအတွက် လက်နှိပ်တုံကင်များတပ်ဆင်သုံးစွဲကြသဖြင့် လုံလောက်မှုရှိ ကြသည်။ အိမ်ထောင်စုအားလုံးနီးပါး ယင်လုံအိမ်သာသုံးစွဲကြသဖြင့် ရေကြောင်းဆက်စပ်ဖြစ်ပွား သောရောဂါဖြစ်ပွားမှု နည်းပါးသည်။စာသင်ကျောင်းတွင်လည်း အိမ်သာများစနစ်တကျဆောက်လုပ်ပေးထားသဖြင့် ကျောင်းသား/ သူများ အတွက် အသုံးပြုရန်လွယ်ကူသည်။

ကျေးရွာတွင် မိုဘိုင်းဖုန်းကို ဆက်သွယ်ရေးအတွက် အများဆုံးသုံးပါသည်။ မိုဘိုင်းဖုန်းအရေ အတွက်မှာ ၂၂၅ လုံးရှိသဖြင့် တအိမ်ထောင်စုလျှင် ပျှမ်းမျှ ၂ လုံးလောက်ရှိသည်ဟု ဆိုနိုင်ပါသည်။ကျေးရွာတွင် အင်တာနက်လိုင်းမှာအသင့်အတင့်သာကောင်းမွန်ပြီးအခြားသတင်းအချက်အလက်များအတွက် အသုံးချတတ် မှုမှာအားနည်းကြသည်။ ကျေးရွာတွင် စာကြည့်တိုက်အဆောက်အဦးမရှိပါ။ တစ်ရွာလုံးအတိုင်းအတာဖြင့် တယ်လီဖုန်းများနှင့်သာ သတင်းဆက်သွယ်ရေးမှာ အတော်အသင့်ကောင်းမွန်ကြောင်းတွေ့ရှိရပါသည်။

(ဃ) ဘဏ်နှင့် ငွေကြေးဝန်ဆောင်မှု

ကျေးရွာမှ တောင်သူများသည် မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်မှ ထုတ်ချေးသော ချေးငွေကို တစ်လလျှင်အတိုးနှုန်း၈၀ ပြားတိုး တစ်ဧက ၁၅၀၀၀၀ ကျပ်နှုန်းဖြင့် အများဆုံး ၁၀ဧက အတွက် ချေးယူနိုင်ကြသည်။ကျေးရွာတွင် ချမ်းသာအောင် သမဝါယမအသင်း၊ တရုတ်ငွေစုငွေချေးအသင်း၊ ကျေးရွာရန်ပုံငွေအဖွဲ့တို့ ဖွဲ့စည်းထားပြီး ရွာသားအများစုသည် အဖွဲ့အလိုက် အဖွဲ့ဝင်များအ ဖြစ်ပါဝင်နေကြကာ တစ်နှစ်အတိုးနှုန်း ၂၀ % ဖြင့် အသင်းဝင်များ ငွေချေးယူနိုင်ကြသည်။ ပုဂ္ဂလိက(တရုတ်ချေးငွေ) ငွေစုငွေချေးအဖွဲ့များတွင် ချေးငွေကို ၁၂ လအထိ ချေးယူနိုင်ပြီး ဝိုင်းကြီးချုပ်စနစ်ဖြင့် ချေးငွေကို ပြန်လည်ပေးဆပ်ကြရပြီး စည်းကမ်းဝိုင်းတွင် တင်းကျပ်ထား၍ လူအနည်းစုသာချေးယူနိုင်သည်။ ကျေးရွာမှဘာသာရေးအဖွဲ့နှင့် ပညာရေးအဖွဲ့တို့မှ တစ်အိမ်ထောင်စုလျှင် (၁၀၀၀)ကျပ်နှုန်းဖြင့် လစဉ်အလှူခံ၍ ရန်ပုံငွေထားရှိပြီး ၎င်းရန်ပုံငွေမှ ကျေးရွာသားများ အထူးသဖြင့် လက်လုပ် လက်စားများထုတ်ချေးယူကြသည်။

ကျေးရွာသားအများစုသည်ချေးငွေကိုအဓိကအားဖြင့်ရိက္ခာ၊ဝင်ငွေရလုပ်ငန်း၊ကျန်းမာ ရေး၊ ပညာရေးဆိုင်ရာကိစ္စရပ်များအတွက်ချေးယူကြပြီးကျေးရွာတွင် ချေးငွေလိုအပ်ချက်ရှိကြောင်း တွေ့ရှိရသည်။ ဆင်းရဲနှင့်အလွန်ဆင်းရဲအိမ်ထောင်စုများ၏ အကြွေးတင်ရှိမှုကို လေ့လာဆန်းစစ်ချက် အရ အကြွေးငွေ ပမာဏသည် ကျပ် တစ်သိန်းမှ ငါးသိန်း အထိ ရှိကြကြောင်းတွေ့ရသည်။

(ဂ) ပညာရေး

ကျေးရွာ အခြေခံပညာမူလတန်းကျောင်းတွင် ပရိဘောဂတို့ လုံလောက်မှုရှိပြီး မူလတန်းပြ ဆရာ၊ဆရာမ ၆ ဦးရှိပြီး ကျောင်းသား၊ကျောင်းသူ ၄၈ ဦး ပညာသင် ကြားလျက်ရှိကြသည်။ ကျောင်းသားများအတွက် ပြဋ္ဌာန်းစာအုပ်များ၊ လေ့ကျင့်ခန်းစာအုပ်များနှင့် ကျောင်းဝတ်စုံများကို အခမဲ့ပံ့ပိုးပေးမှုရရှိခဲ့ကြသည်။

ကျေးရွာတွင် အတန်းပညာ တက္ကသိုလ်၊ ကောလိပ်၊ ဘွဲ့ရနှင့် အထက်တန်းပညာ အဆင့်ရှိသူ လူဦးရေအသင့်အတင့်များပြားပြီး မူလတန်းပညာစာတတ်မြောက်မှု အများဆုံးဖြစ်သဖြင့် ကျေးရွာစာတတ်မြောက်မှုမှာ အတော်အသင့်ရှိသည်ဟု ဆိုနိုင်ပါသည်။မိဘဆရာအသင်း၏ အခန်းကဏ္ဍအသင့်အတင့်ကောင်းမွန်ပြီးမူလတန်းကျောင်းခြံစည်းရိုး သတ်သတ်မှတ်မှတ်မရှိသည့် အတွက် ကျောင်းဝန်းထဲ ကျွဲ နွား ဝင်ရောက်မှုများကြုံရပါသည်။ တိုကြောင့် ကျောင်းခြံစည်းရိုး အုတ်တံတိုင်း လိုအပ်ပါသည်။

(စ) ကျန်းမာရေး

ကျေးရွာတွင်ကျေးရွာသားအများစုသည်သာမန်အားဖြင့်ကျန်းမာရေးကောင်းမွန်ကြပြီးအစားအစာပြည့်ဝမှုရှိကြသည်။ကလေးငယ်အများစုလည်းကျန်းမာကြသည်။

မူလတန်းကျောင်းတွင်ကျောင်းသား/သူများကိုအဟာရတိုက်ကျွေးမှုနည်းပါးသည်ကိုတွေ့ရသည်။အမျိုးသမီးလူငယ်၊လူရွယ်၊သက်ကြီးပိုင်းအများစုတို့သည်လည်းတကိုယ်ရည်သန့်ရှင်းရေးနှင့်ကျန်းမာရေးအသိအမြင်များအသင့်အတင့်ရှိကြသည်။ကျေးရွာသားများအနေဖြင့်အခြေခံကျန်းမာရေးစောင့်ရှောက်မှုကိုကျေးရွာတွင်ကျန်းမာရေးအတွက်ကျေးလက်ကျန်းမာရေးဌာနခွဲရရှိပြီးဖြစ်သော်လည်းအရေးပေါ်လူနာများအတွက်လိုအပ်သောဆေးဝါးပြည့်စုံမှုမရရှိပေ။ကျေးရွာမှာ (၂မိုင်)ခန့်အကွာအဝေးတွင်ကံထူးမစံပြကျေးရွာတိုက်နယ်ဆေးရုံနှင့် (၁၀မိုင်)ခန့်အကွာအဝေးတွင်တန့်ဆည်မြို့နယ်ဆေးရုံများသို့ကားလမ်းဖြင့်သွားလာနိုင်ပါသည်။ဆေးဆိုင်များနှင့်လက်လှမ်းမီမှုအသင့်အတင့်ရှိသည်။ကျေးရွာတွင် တောင်သူလုပ်ကိုင် သူများသဖြင့် အဆိပ်ရှိသတ္တဝါ များ၏ အန္တရာယ်များနှင့်ကြုံရတတ်ပါသည်။

ကျေးရွာတွင်လက်နှိပ်တုံကင်များအသုံးပြုကြပြီးမြေအောက်ရေကိုအလွယ်တကူလုံလောက်စွာရရှိနိုင်ကြပြီးဝမ်းပျက်ဝမ်းလျော၊တိုက်ဖိုက်၊အစာအိမ်ရောင်စသောရောဂါဖြစ်ပွားမှုနည်းပါးကြောင်းတွေ့ရှိရသည်။

(ဆ) ဘေးန္တရာယ်များနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး

ကျေးရွာသည်မြေမြင့်သောအပိုင်းတွင်တည်ရှိ၍ရေကြီးရေးလွှမ်းခြင်းမှကင်းဝေးသည်။ ကုန်းတွင်းဒေသဖြစ်ခြင်းကြောင့် မုန်တိုင်းအန္တရာယ်ဘေးတို့နည်းပါးသည်။ အားပျော့သော မုန်တိုင်းဝင်ရောက်မှုရှိတတ်ပြီး တစ်ခါတစ်ရံ အားကောင်းသောမုန်တိုင်း ဝင်ရောက်မှု ကျရောက်တတ် သည်။ မိုးခေါင်ခြင်းက သဘာဝဘေးအန္တရာယ်တစ်ရပ်အနေဖြင့် ရှိနေဆဲဖြစ်သည်။

ကျေးရွာတွင် စပါး၊မြေပဲစိုက်ခင်းများတွင် ဖျက်ပိုးများကျရောက်တတ်ခြင်း၊ပိုးသတ် ဆေးနှင့် ခါတုမြေဩဇာသုံးစွဲမှုများပြားခြင်းကြောင့် မြေဆီလွှာ အရည်အသွေးကျဆင်း လာနိုင်သည်။ တောင်သူများ

အနေဖြင့် ဓါတုပိုးသတ်ဆေးများကိုသာ အသုံးပြုမှုများပြားသည်။ စွန့်ပစ်ပစ္စည်း စီမံ ခန့်ခွဲမှုတွင်လည်း ပလပ်စတစ်အိတ်ခွံ၊ပုလင်းခွံ၊ဘူးခွံများကို စနစ်တကျမစွန့်ပစ်ကြသဖြင့် သဘာဝ ပတ်ဝန်းကျင်ဆိုင်ရာ အသိပညာပေးလုပ်ငန်းများ မြှင့်တင်ဆောင်ရွက်ပေးသင့်သည်။

(ဇ)ကျား – မ ရေးရာ

ကျေးရွာတွင်ကျား၊မဆိုင်ရာဆက်နွယ်မှုအနေအထားမှာ တည်ငြိမ်ကောင်းမွန်ပါသည်။ အမျိုးသမီးများသည် သာမန်အားဖြင့် လွပ်လပ်စွာတန်းတူ နေထိုင်ပြောဆိုခွင့် ရှိသည်ဆိုသော်လည်း အစည်းအဝေးများကိုမူဖိတ်ကြားမှသာ တက်ရောက်လေ့ရှိကြသည်။ အမျိုးသမီးသီးသန့်ကိစ္စရပ်များ စုဝေးမှုရှိသော်လည်း ရပ်ရွာ၏ အရေးပါသော ဆုံးဖြတ်ချက်များကို ဦးဆောင်ချမှတ်ရာတွင် ပါဝင်မှု နည်းပါးသည်။ ကျားနှင့်မအကြားပြင်းထန်သော အိမ်တွင်းအကြမ်းဖက်မှုနှင့် ခွဲခြားဆက်ဆံခြင်း ကိစ္စများမတွေ့ရပါ။

ကျေးရွာတွင် အမျိုးသား၊အမျိုးသမီးများသည် သာမန်အားဖြင့် ပညာရေးနှင့် အခြားနယ်ပယ်များတွင် အခွင့်အရေးတူညီစွာရရှိသည်ဟု ယေဘုယျပြောနိုင်ပါသည်။ အုပ်ချုပ်ရေးအဖွဲ့အစည်းများတွင် အမျိုးသမီးများပါဝင်မှုတို့မှာ အလွန်လျော့နည်းလျက် ရှိသော်လည်း အခြားလူမှုရေးအသင်းအဖွဲ့များတွင် အမျိုးသမီးပါဝင်မှုရှိကြသည်။ အသိပညာပေးခြင်းများကို မြှင့်တင်ဆောင်ရွက်ပေးခြင်းဖြင့် ကျား၊မတန်းတူ ညီမျှမှု ဖွံ့ဖြိုးမှုတို့အတွက် ပိုမိုအထောက်အပံ့ဖြစ်လာနိုင်သည်။

(ဈ)လူငယ်ဖွံ့ဖြိုးရေး

ကျေးရွာရှိလူငယ်များတွင် အလယ်တန်းအဆင့်တတ် မြောက်သူ အများ အပြား ရှိပါသည်။ အသက်မွေးပညာ များပေးလျှင် အလွယ်တကူသင်ယူ တတ်မြောက် နိုင်သည့် လူငယ် လူရွယ် အမျိုးသမီးများရှိပါသည်။ သို့သော် အသက်မွေးလက်မှုပညာများအားနည်းသည့်အတွက် ကျေးရွာနှင့်ကိုက်ညီသောသက်မွေးလုပ်ငန်းများလည်း မရ၊ ပြင်ပသို့အလုပ်ထွက်လုပ် သော်လည်း အသက်မွေးပညာ စက်ပြင်၊ စက် ချုပ်၊ ဝရိန်၊ လက်သမား၊ ပန်းရံ စသည့် များ မကျွမ်း ကျင်သဖြင့် အလုပ်ကိုင် ခွင့်လမ်းရရှိမှုနည်းပါသည်။ အားလပ်ချိန်များတွင်လည်း အားကစားပြုလုပ်ရန်အားကစားပစ္စည်း မပြည့်စုံ၊ သတ်သတ်မှတ်မှတ်နေရာမရှိ၊ စာဖတ် ချင်စိတ်ရှိအောင် ဟော ပြောမည့်သူမရှိ၊ စာကြည့်တိုက်မရှိ ခြင်း၊ ဖုန်းဖြင့် အင်တာနက်အသုံးပြုနိုင်သော်လည်း အကျိုးရှိရှိ အသုံးပြုနိုင်သည့် နည်းမ သိရှိသေးခြင်း တို့ကြောင့် လူငယ်ဖွံ့ဖြိုးရေးမှာ အားနည်းနေပါသေးသည်။

ယဉ်ကျေးမှုဓလေ့အရ ကျေးရွာလူငယ်များမှာ နှစ်စဉ်ရာသီအလိုက် ဘာသာရေးပွဲများ တွင် တက်ကြွစွာပါဝင် ဆောင်ရွက်ကြပြီး ကျေးရွာရှိ လူမှုရေး၊ဖွံ့ဖြိုးရေး လုပ်ငန်းများတွင်လည်း ကြိုးစားပါဝင်ဆောင်ရွက်လျက်ရှိကြသည်ကို တွေ့ရှိရပါသည်။

၄။ ဦးစားပေးဆောင်ရွက်မည့် ဖွံ့ဖြိုးရေးလုပ်ငန်းများ

စဉ်	ကဏ္ဍ	ဆောင်ရွက်မည့်ဖွံ့ဖြိုးရေးလုပ်ငန်း	ရမှတ်	ဦးစားပေးအဆင့်
၁	ပညာရေး	စာသင်ကျောင်းခြံစည်း ရိုးအုတ်တံတိုင်း ပြုလုပ်ခြင်း	၈၇	၂
၂	ပညာရေး	အသက်မွေးဝမ်း ကျောင်းသင်တန်းများ ပေးခြင်း။	၅၇	၈
၃	ကျန်းမာရေး	ကျေးရွာရှိကျေးလက် ကျန်းမာရေးဌာနတွင် ဆေးဝါးများလုံလောက်စွာရရှိ အောင်ဆောင်ရွက်ခြင်း	၆၀	၆
၄	ကျန်းမာရေး	လူမှုကုညီရေးအသင်းကား ရရှိအောင် ဆောင်ရွက်ခြင်း	၇၆	၇
၅	စိုက်ပျိုးရေး	စိုက်ပျိုးရေးနည်းပညာသင်တန်းများပေးခြင်း	၆၅	၅
၆	အခြေခံအဆောက်အဦ	ကျေးရွာတွင်းလမ်း ဂျင်းခင်းခြင်းလုပ်ငန်း ဆောင်ရွက်ခြင်း (၁မိုင်)	၈၃	၃
၇	လျှပ်စစ်	မဟာဓါတ်အားလိုင်း သွယ်တန်းရန်အတွက် လျှပ်စစ်မီးတိုင်မီးကြိုးများ ဝယ်ရန်တပ်ဆင်ခြင်း။	၉၄	၁
၈	လူငယ်နှင့် အားကစား	စာကြည့်တိုက်တည် ဆောက်ခြင်း	၆၉	၄

ဖွံ့ဖြိုးရေးဗျူဟာတည်ဆောက်မှုအခြေပြဇယား– (တန်ဆည်မြို့နယ်– ကြောင်ဆင်းအိုင်ကျေးရွာ– ကြောင်ဆင်းအိုင်ကျေးရွာအုပ်စု)

ပြဿနာ၊အခက်အခဲ		ဖြစ်ရသည့်အကြောင်းရင်း	အခြေအနေကောင်း	ဟန့်တား	ဖြေရှင်းနိုင်သည့်နည်းလမ်းများ	အဆိုပြုစီမံချက်လုပ်ငန်း
၁	ကျေးရွာမီးလင်းရေး					
	လျှပ်စစ်မီးမရရှိသေးပါ။	မဟာဓါတ်အားလိုင်းနှင့်မချိတ်ဆက်ရသေး ခြင်း။	ကျေးရွာဒေသလျှပ်စစ်စီမံကိန်း သတ်မှတ်ဧရိယာ (၂) မိုင်အတွင်း တည်ရှိပါသည်။	ကျေးရွာတွင်း မဟာဓါတ်အားလိုင်းနှင့် ချိတ်ဆက်နိုင်ရန်အ တွက်မီးတိုင်နှင့်လိုင်း ကြိုးစရိတ်များမတတ် နိုင်ခြင်း။	မဟာဓါတ်အားလိုင်းမှ လျှပ်စစ် မီးရရှိရေးအတွက် မီးကော်မတီ ဖွဲ့စည်း၍ ဆောင်ရွက်သွားမည် ၁။ မီးတိုင်နှင့် လိုင်းကြိုးများကို အရစ်ကျစနစ်ခြင့် ပေးသော ပြင်ပအဖွဲ့အစည်း များနှင့်ချိတ်ဆက်ခြင်း (သို့) မီးတိုင်နှင့်လိုင်းကြိုးများဝယ်ရန်ကျေးရွာဖွံ့ဖြိုးရေးရန်ပုံငွေကျေးလက်ဦးစီးဌာနသို့ တောင်းခံခြင်း။ ၂။ မီးတိုင်နှင့်လိုင်းကြိုးများကျွမ်းကျင်သူများဖြင့် တပ်ဆင် ခြင်း။	ကျေးရွာ လျှပ်စစ်မီးရရှိ ရေး ၁။ မီးတိုင်နှင့် လိုင်းကြိုးများကို အရစ်ကျ စနစ်ဖြင့် ပေးသော ပြင်ပ အဖွဲ့အစည်း များနှင့် ချိတ် ဆက်ခြင်း (သို့) မီးတိုင်နှင့်လိုင်းကြိုးများဝယ်ရန်ကျေးရွာဖွံ့ဖြိုးရေးရန်ပုံငွေကျေးလက်ဦးစီးဌာနသို့ တောင်းခဲခြင်း။
၂	ပညာရေး					
	နှစ်ပေါင်း ၄၄ နှစ်ကြာပြီဖြစ်သော ကျေးရွာမူလတန်းကျောင်းတွင်	မူလတန်းကျောင်း ဝန်းထဲ ကွဲ နွားဝင်ရောက်မှုမရှိ စေရန်ကျောင်း ခြံစည်းရိုး အုတ်တံ	ကျေးရွာမှ ကျောင်းပြုပြင် ရန်ကောက်ခံထား သောငွေကြေးအသင့်တင့်ရှိပါသည်။ ကျေးရွာမှ	အုတ်တံတိုင်းပြီးစီးအောင်အထိငွေကြေး လုံလောက်မှု မရှိပါ။	ကျေးရွာဖွံ့ဖြိုးရေးကော်မတီနှင့် ကျောင်းကော်တီတို့ ပူးပေါင်း၍ ကျေးရွာမူလတန်းကျောင်းအုတ်တံတိုင်း ပြုလုပ်ရန်လိုအပ်သော	ကျေးရွာမူလတန်းကျောင်းအုတ်တံတိုင်းခြံစည်းရိုး ပြုလုပ်ခြင်း။

	ကျောင်းခြံစည်းရိုး မရှိခြင်း။	တိုင်းလိုအပ်ပါသည်။	သဲကျောက် များလည်းအလွယ်တကူဝယ် ယူရရှိနိုင်ပါသည်။		ငွေကြေးရရှိအောင်ပညာ ရေးဌာန၊ ပြင်ပ အလှူရှင်အဖွဲ့များနှင့် ချိတ် ဆက်ဆောက်ရွက်ခြင်း။	
၃	ကျေးလက်လမ်း၊ တံတား					
	ကျေးရွာတွင်းလမ်းများ ကောင်းမွန်ခြင်းမရှိပါ။	မြေသားလမ်းဖြစ်ပြီး ရေနုတ်မြောင်းမရှိ သဖြင့် မိုးတွင်းလမ်းပေါ်ရေလျံပြီး သွားလာရမကောင်းပါ။	ဂျင်းကျောက်များ အလွယ်တကူ ဝယ်ယူရရှိနိုင်ပါသည်။ ကျေးရွာမှလုပ်သားအင်းအား လုပ်အားပေးနိုင်ပါသည်။	ကျေးရွာဖွံ့ဖြိုးရေးကို တစင်တစိုက်လုပ်ဆောင်မည့် အဖွဲ့အ စည်းမရှိခဲ့ပါ။ လိုအပ်သော စက်များ ဌားရမ်းရန် ငွေကြေးမလုံလောက်ခဲ့ပါ။	ကျေးရွာဖွံ့ဖြိုးရေးကော်မတီကို ၂၀၁၈ ခုနှစ် ၆ လပိုင်းကဖွဲ့စည်းခဲ့ပါသည်။ကျေးရွာ ဖွံ့ဖြိုးရေးကော်မတီမှ ဦးဆောင်ပြီး ကျေးလက်ဌာနနှင့်ချိတ်ဆက် ဆောင်ရွက်ခြင်း။	ကျေးလက်လမ်းများ ကောင်းမွန်ရေး ၁။ လမ်းဘေးဝဲယာ ရေနုတ်မြောင်းများတူးဖော်ခြင်း ၂။ ကျေးရွာတွင်းလမ်းများ ကောင်းမွန်အောင် ဂျင်းခင်းခြင်းမှတဆင့်ကျောချောလမ်းအဆင့်မြှင့်ခြင်း (အကျယ် ၂၀ ပေ၊ အရှည် ၁ မိုင်)။
၄	လူငယ်ဖွံ့ဖြိုးရေး					

	ကျေးရွာရှိ လူငယ်များ အလုပ်လက်မဲ့များပြား လာခြင်း နှင့်လူငယ်ဖွံ့ဖြိုးရေး နှောင့်နှေး လာခြင်း။	ကျေးရွာရှိလူငယ်များသည်အသက်မွေး လက်မှုပညာများအားနည်း သည့်အတွက် ကျေးရွာနှင့်ကိုက်ညီသော သက်မွေးလုပ်ငန်းများလည်းမရ၊ ပြင်ပသို့အလုပ်ထွက်လုပ်သော်လည်းအသက်မွေးပ ညာ စက်ပြင်၊ စက်ချုပ်၊ ဝရိန်၊ လက်သမား၊ ပန်းရံစသည့် များ မကျွမ်းကျင်သဖြင့် အလုပ်လက်မဲ့များ နေခြင်းဖြစ်ပါ သည်။ အားလပ်ချိန်များတွင်လည်း ဖုန်းတလုံးဖြင့် အချိန်ကုန်နေခြင်း။	ကျေးရွာရှိလူငယ်များတွင် အလယ်တန်းအဆင့်တတ်မြောက်သူ အများအပြား ရှိပါသည်။ အသက်မွေးပညာများပေးလျှင် အလွယ်တကူသင်ယူ တတ်မြောက်နိုင်သည့် လူငယ်လူရွယ် အမျိုးသမီးများရှိပါသည်။	အားလပ်ချိန်များတွင်လည်း အားကစားပြုလုပ်ရန်အားကစားပစ္စည်းမပြည့်စုံ၊ သတ်သတ်မှတ်မှတ်နေရာမရှိ၊ စာဖတ်ချင်စိတ်ရှိအောင် ဟောပြောမည့်သူမရှိ၊ ဖုန်းဖြင့်အင်တာနက်အသုံးပြုနိုင်သော်လည်း အကျိုးရှိရှိအသုံးပြုနိုင်သည့် နည်းမသိရှိသေးခြင်း။	ကျေးရွာလူငယ်ဖွံ့ဖြိုးရေး အစီအစဉ်များ ချမှတ်ဆောင်ရွက်ရမည်။ ၁။ ကျေးရွာနှင့်ကိုက်ညီသည့် အသက်မွေးပညာ၊ ပြင်ပအလုပ်ကိုင်နှင့် လိုက်လျောညီထွေသည့် အသက်မွေးပညာဖြစ်သော စက်ချုပ်၊ စက်ပြင်၊ ဖုန်းပြင်၊ ဝရိန်၊ စက်မောင်းစသည့် သင်တန်းများဖွင့်လှစ်သင် ကြားခြင်း။ ၂။ အလုပ်ကိုင်ခွင့်လမ်းများရရှိ အောင် ပြည်တွင်း ပြည်ပအလုပ်ကိုင် ကုမ္ပဏီများနှင့် ချိတ်ဆက်ပေးခြင်း။ ၃။ စာပေများစိတ်ဝင်စားမှုရှိလာအောင် အသိပညာဗဟုသုတကြွယ်လာအောင် ဟောပြောပွဲများကျင်းပပေးခြင်း။ ၄။ အားကစားကွင်း သတ်သတ်မှတ်မှတ်ပြုလုပ်ပြီးခြင်းလုံး၊ ဘောလုံး၊ ထုတ်စည်းတိုး၊ ပြေးခုန်ပစ် အားကစားပြိုင်ပွဲများ ကျင်ပ ပေးခြင်းတိုကို ကျေးရွာဖွံ့ ဖြိုးရေးကော်မတီမှ ဦး ဆောင်ဆောင်ရွက်ရမည်။	ကျေးရွာလူငယ်ဖွံ့ဖြိုးရေး ၁။ ကျေးရွာနှင့်ကိုက်ညီသည့် အသက်မွေးပညာ၊ ပြင်ပအလုပ်ကိုင်နှင့် လိုက်လျောညီထွေသည့် အသက်မွေးပညာဖြစ်သော စက်ချုပ်၊ စက်ပြင်၊ ဖုန်းပြင်၊ ဝရိန်၊ စက်မောင်းစသည့် သင်တန်းများဖွင့်လှစ်သင် ကြားခြင်း။ ၂။ အလုပ်ကိုင်ခွင့်လမ်းရရှိအောင် ပြည်တွင်း ပြည်ပအလုပ်ကိုင် ကုမ္ပဏီများနှင့် ချိတ်ဆက်ပေးခြင်း။ ၃။ စာပေများစိတ်ဝင်စားမှုရှိလာအောင် အသိပညာဗဟုသုတကြွယ်လာအောင် ဟောပြောပွဲများကျင်းပပေးခြင်း။ ၄။ အားကစားကွင်း သတ်သတ်မှတ်မှတ်ပြုလုပ်ပြီးခြင်းလုံး၊ဘောလုံး၊ထုတ် စည်းတိုး၊ ပြေးခုန်ပစ် အားကစားပြိုင်ပွဲများ ကျင်း ပပေးခြင်း။

၅	ကျန်းမာရေး					
	အဆိပ်ရှိသတ္တဝါအန္တရာယ်ရှိလာသည့်အခါ၊ အရေးပေါ်အခြေအနေကုသရန်ဆေးဝါးလုံလောက်မှုမရှိပါ။	ကျေးရွာတွင်တောင်သူလုပ်ကိုင်သူများသဖြင့် အဆိပ်ရှိသတ္တဝါများ၏ အန္တရာယ်များနှင့်ကြုံရပါသည်။ အရေးပေါ်ကျန်းမာရေးအခြေအနေများအတွက် ဆေးဝါးလုံလောက်မှု မရှိပါ။	ကျေးလက်ကျန်းမာရေးဌာနခွဲအား ၂၀၁၆–၁၇ တွင် 3MDG/UNOPS Myanmar မှ ဆောက်လုပ်ပေးခဲ့ပါသည်။ ကျေးလက်ကျန်းမာရေးဝန်းထမ်း ၁ ဦးလည်းရှိပါသည်။	အရေးပေါ်အခြေအနေများအတွက် ကျေးရွာမှ ၁၀ မိုင်ခန့်ဝေးသော တန့်ဆည် မြို့နယ်ဆေးရုံ၊ ၂မိုင်ဝေးသော ကံထူးမတိုက်နယ်ဆေးရုံသို့ သွားရန် အချိန်ကြာမြင့်ခြင်း၊ အရေးပေါ်သွားရန် လူမှုရေးကားမရှိခြင်း စသည့် ခက်ခဲများရှိပါသည်။	ဆေးဝါးလုံလောက်မှုရှိစေရန်နှင့် အဆိပ်ရှိသတ္တဝါများကိုက်မိလျှင်၊ အပေါ်အခြေနေများအတွက် ရှေးဦးသူနာပြုစုနည်းသင်တန်းများ ဆောင်ရွက်ရပါမည်။	ကျေးလက်ကျန်းမာရေးဖွဲ့ဖြိုးစေခြင်း ၁။ အရေးပေါ်အခြေနေနှင့် အ ဆိပ်ရှိသတ္တဝါအန္တရာယ်များအတွက် ဆေးဝါးလုံလောက်စွာရရှိအောင် ဆောင်ရွက်ခြင်း ၂။ အဆိပ်ရှိသတ္တဝါများကိုက်မိလျှင် နှင့် အခြားအပေါ်အခြေနေ များအတွက် ရှေးဦးသူနာပြု စုနည်းသင်တန်းများ ဖွင့်လှစ် ခြင်း။
၆	စိုက်ပျိုးရေး (စိုက်ပျိုးရေ၊ သီးနှံ)					
	မိုးကောင်းဒေသဖြစ်သဖြင့် စပါးသီးနှံအထွက်နှုန်းနည်းခြင်း။	မိုးကိုအားကိုး၍ စိုက်ရသဖြင့် မိုးမမှန်လျှင်စပါးသီးနှံ အထွက်နှုန်းမကောင်းပါ။ ရခဲ့ဆည်မှရေကို ကျောင်းကုန်း၊ ကြောင်ဆင်းအိုင်၊ အင်ပင်အိုင် သုံးရွာမျှသုံးနေရ၍ စိုက်ပျိုးရေမလုံလောက်ခြင်းကြောင့်လည်း စပါးသီးနှံအထွက်နှုန်းနည်းရခြင်း။	မိုးစပါး တသီးပဲ စိုက်ပျိုး၍ ရသောလယ်မြေဧက ၄၃၈ ဧက ရှိပါသည်။ စိုက်ပျိုရေကို ကျေးရွာ၏ တောင်ဘက် (၂ဖာလုံ)တွင် စီဘိုးချောင်းနှင့် သဲသောင် ချောင်း၊ ရခဲ့ဆည်တို့မှ စိုက်ပျိုးရေရရှိပါသည်။	စီဘိုးချောင်းနှင့် သဲသောင်ချောင်း၊ ရခဲ့ ဆည်တို့မှ မိုးကောင်း၊ မိုးမှန်မှသာလျှင် စိုက်ပျိုးရေလုံလောက်စွာ ရရှိပါသည်။ ရခဲ့ဆည်ကို ထပ်မံအဆင့်မြှင့်တင်လျှင် စိုက်ပျိုးရေလုံလောက်နိုင်သည်ဟု ထင်ပါသည်။ ပိုးမွှားရောဂါများ ကျရောက်မှုရှိပါသည်။	စပါးသီးနှံ အထွက်နှုန်းတိုးတတ် ကောင်းမွန်အောင် ဆောင်ရွက်ခြင်း ၁။ ရခဲ့ဆည်အဆင့်မြှင့်တင်၍ ရ မရ ဆည်မြောင်းဌာနနှင့် ဆွေးနွေးခြင်း။ ၂။ စိုက်ပျိုးရေးဌာနနှင့် ချိတ်ဆက်၍ ပိုးမွှားရောဂါကာကွယ် နှိမ်နင်းခြင်း နည်းပညာသင်တန်းများပေးခြင်း။	စပါးသီးနှံ အထွက်နှုန်းတိုးတတ် ကောင်းမွန်အောင် ဆောင်ရွက်ခြင်း ၁။ ရခဲ့ဆည်အဆင့်မြှင့်တင်၍ ရ မရ ဆည်မြောင်းဌာနနှင့် ဆွေးနွေးခြင်း။ ၂။ ပိုးမွှားရောဂါကာကွယ် နှိမ်နင်းခြင်း နည်းပညာသင်တန်းများပေးခြင်း။ ၃။ စိုက်ပျိုးရေကို စနစ်တကျသိုလှောင်ခြင်း၊ ရေမြေရာသီနှင့် ကိုက်ညီမည့် စပါးမျိုးများပြောင်းလဲစိုက်ပျိုးခြင်း။

၇	မွေးမြူရေး					
	မွေးမြူရေး အတွက်ရင်း နှီးငွေမလုံ လောက်ခြင်း	တဘက် တလမ်းမှ ဝင်ငွေ ရရှိရန် မွေး မြူရေးလုပ်ငန်း လုပ်ချင်သော်လည်း ရင်းနှီး ငွေ လုံ လောက်စွာ မရှိပါ။	လက်ရှိတပိုင်တနိုင် ဝက်၊ နွား မွေးသူ များ ရှိပါသည်။ ပြည်ပ နွားစျေး ကွက်ဖြစ်သည့် နွား ဝယ်သည့်ကုမ္ပဏီ လည်းကျေးရွာ ထဲ ထိနွားများ ဆင်း ဝယ်ပါသည်။ သမ ငွေချေးအဖွဲ့ရှိ ပါ သည်။	မွေးမြူရေး နည်းပညာ အားနည်းသည်။ မျိုးတိရ စ္ဆာန်ကောင်း များ လက်လှမ်းမှီမှု အား နည်းပါသည်။ သမအဖွဲ့ ဝင်များသာ ငွေချေး ပါ သည်။	ကျေးရွာ မွေးမြူရေးကဏ္ဍ တိုးတတ်အောင်ဆောင်ရွက် ခြင်း ၁။ ဝက်၊နွားမျိုးတိရစ္ဆာန် ကောင်းများရရှိအောင် နှင့် မွေးမြူရေး နည်းပညာများ ရရှိအောင် မွေးမြူရေးဌာန နှင့်ချိတ်ဆက် ဆောင်ရွက် ခြင်းကို ကျေးရွာဖွံ့ဖြိုးရေး အဖွဲ့မှ ဦးဆောင် ဆောင်ရွက် ခြင်း။ ၂။ တိရစ္ဆာန်အစာများကို အရစ်ကျစနစ်ဖြင့် ပေးသော ပြင်ပအဖွဲ့များနှင့် ချိတ်ဆက် ခြင်း။ ၃။ တစ်နှစ်တစ်ခါမှ ပြန်ဆပ်ရသော အတိုးနှုန်း သက်သာ သည့် ငွေကြေးအဖွဲ့ များနှင့် ချိတ်ဆက်ခြင်း။	ကျေးရွာမွေးမြူရေးကဏ္ဍ တိုးတတ်အောင်ဆောင်ရွက် ခြင်း ၁။ ဝက်၊နွားမျိုးတိရစ္ဆာန် ကောင်းများရရှိအောင် နှင့် မွေးမြူရေးနည်းပညာများ ရ ရှိအောင်မွေးမြူရေးဌာန နှင့် ချိတ်ဆက်ဆောင်ရွက်ခြင်းကို ကျေးရွာဖွံ့ဖြိုးရေး အဖွဲ့မှ ဦးဆောင် ဆောင်ရွက် ခြင်း။ ၂။ တိရစ္ဆာန်အစာများကို အရစ်ကျစနစ်ဖြင့် ပေးသော ပြင်ပအဖွဲ့များနှင့် ချိတ်ဆက် ခြင်း။ ၃။ တစ်နှစ်တစ်ခါမှ ပြန်ဆပ်ရသော အတိုးနှုန်း သက်သာသည့် ငွေကြေးအဖွဲ့ များနှင့်ချိတ်ဆက်ခြင်း။
၈	ဖွံ့ဖြိုးရေးဆိုင်ရာစီမံအုပ်ချုပ်မှုစနစ်					
	ကျေးရွာရှိအ ဖွဲ့စည်းများ ၏ချိတ်ဆက် ဆောင်ရွက်မှု အဖွဲ့စည်းဆို င် ရာသဘော တရားတို့နှင့်	အဖွဲ့စည်းများချိတ် ဆက်ဆောင်ရွက်မှု အလေ့အထနည်း ခြင်း၊ ကျေးရွာတွင် ဖွဲ့စည်းထားသော အဖွဲ့များသည် အရေးကိစ္စပေါ်မှ	ကျေးရွာတွင် ဘာ သာရေး လူမှုရေး ဖွံ့ဖြိုးရေး စသည့် လူမှုအဖွဲ့စည်းဆိုင် ရာ ၇ ဖွဲ့ရှိပါသည်။	ကျေးရွာဖွဲ့စည်းများသည် မီရိုဖလာစင်လာအရ ဖွဲ့စည်းထားပြီး ချိတ် ဆက်ဆောင်ရွက်မှုဆိုင် ရာသဘောတရားတို့နှင့် ပတ်သက်၍ သင်တန်း များလည်းမရှိပါ။	ကျေးရွာဖွဲ့စည်းများအား ကျေးရွာဖွံ့ဖြိုးရေး သဘောတရားဆိုင်ရာ တို့နှင့် ပက်သက်၍ သင်တန်းများ၊ ဖွဲ့စည်းချိတ်ဆက်ဆောင်ရွက် မှုဆိုင်ရာသဘောတရားများ သင်တန်းများ၊ ခေါင်းဆောင်	ကျေးရွာဖွဲ့စည်းများအား ကျေးရွာဖွံ့ဖြိုးရေး သဘောတရားဆိုင်ရာ တို့နှင့် ပက်သက်၍ သင်တန်းများ၊ ဖွဲ့စည်းချိတ်ဆက်ဆောင်ရွက် မှုဆိုင်ရာသဘောတရားများ သင်တန်းများ၊ ခေါင်းဆောင်

	ပတ်သက်၍ ယေဘုယျ အားဖြင့် အားနည်းပါသည်။	သာထလုပ်ကြခြင်း၊ ကျေးရွာဖွံ့ဖြိုးရေး ကိုတစင်တစိုက် လုပ်လေ့မရှိခြင်း။			မှူသင်တန်း၊ ငွေစာရင်းအင်း ပိုင်းဆိုင်ရာ သင်တန်းများ၊ ဖွဲ့စည်းစွမ်း ဆောင်ရည်မြှင့် သင်တန်းများ ပေးခြင်း များပြုလုပ်ရပါမည်။	မှူသင်တန်း၊ ငွေစာရင်းအင်း ပိုင်းဆိုင်ရာ သင်တန်းများ၊ ဖွဲ့စည်းစွမ်း ဆောင်ရည်မြှင့် သင်တန်းများ ပေးခြင်း များပြုလုပ်ရပါမည်။

ကြောင်ဆင်းအိုင်ကျေးရွာဖွံ့ဖြိုးရေး အထောက်အကူပြု ဇယားများ

(၁) ကျေးရွာ လူမှုစီးပွားရေး အခြေအနေ

(က) လူဦးရေနှင့် လူဦးရေဆိုင်ရာ အချက်အလက်များ

ဇယား (၁) လူဦးရေနှင့် လူဦးရေဆိုင်ရာ အချက်အလက်များ

အသက်အုပ်စု		ကျား	မ	စုစုပေါင်း
၁ နှစ် အောက်	နို့စို့အရွယ်	၆	၈	၁၄
၁ နှစ်မှ ၄ နှစ်	၅နှစ်အောက်ကလေးငယ်	၁၂	၉	၂၁
၅ နှစ်မှ ၉ နှစ်	မူလတန်းကျောင်းသားအရွယ်	၂၃	၂၀	၄၃
၁၀ နှစ်မှ ၁၄ နှစ်	အလယ်တန်းကျောင်းသားအရွယ်	၂၆	၂၆	၅၂
၁၅ နှစ်မှ ၆၄ နှစ်	အလုပ်လုပ်နိုင်သည့်အရွယ်	၂၀၀	၂၆၇	၄၆၇
၆၅ နှစ်နှင့် အထက်	သက်ကြီးရွယ်ကြီး	၁၄	၃၂	၄၆
စုစုပေါင်း		၂၈၁	၃၆၂	၆၄၃
စုစုပေါင်း အိမ်ထောင်စု				၁၁၄

ရင်းမြစ်... (၁) အိမ်ထောင်စုစာရင်းကောက်ယူမှု၊ (၂) ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးရုံး။

မှတ်ချက်။။အသက်အုပ်စု၁နှစ်အောက်ဆိုသည်မှာမွေးကင်းစမှအသက် (၁)
နှစ်မပြည့်မီအရွယ်၊၁နှစ်မှ၄နှစ်ဆိုသည်မှာအသက် (၁) နှစ်ပြည့်အရွယ်မှ (၅)
နှစ်မပြည့်မီအရွယ်၊၅နှစ်မှ၉နှစ်ဆိုသည်မှာအသက် (၅) နှစ်ပြည့်သည်မှအသက် (၁၀)
နှစ်မပြည့်မီအရွယ်၊၁၀နှစ်မှ၁၄နှစ်ဆိုသည်မှာအသက် (၁၀) နှစ်ပြည့်သည်မှအသက် (၁၅)
နှစ်မပြည့်မီအရွယ်၊၁၅နှစ်မှ၆၄နှစ်ဆိုသည်မှာအသက် (၁၅)နှစ်ပြည့်သည်မှအသက် (၆၅)

နှစ်မပြည့်မီအရွယ်၊အသက်၆၅နှစ်နှင့်အထက်ဆိုသည်မှာအသက် (၆၅)
နှစ်ပြည့်အရွယ်နှင့်ငင်းထက်အသက်ကြီးသည့်အရွယ်များကိုဆိုလိုသည်။

လေ့လာတွေ့ရှိချက်။။လေ့လာတွေ့ရှိချက် - အလုပ်လုပ်နိုင်သည့် အရွယ်သည် ကျေးရွာရှိလူဦးရေအား လုံး၏ ၈၀% ရှိပြီး အမျိုးသမီးမှာ အမျိုးသားများအရေအတွက်ထက် ၅% ပိုများသဖြင့် အမျိုးသမီးများအလုပ်လုပ်ကိုင်နိုင်သည့် အလုပ်များကိုပါ ထည့်သွင်း စဉ်းစားပြီး အလုပ်အကိုင်များ ဖန်တီးပေးနိုင်ပါက လူစွမ်းအားအရင်းအမြစ်ကိုထိရောက်စွာ အသုံးချနိုင်ပါမည်။ ကျေးရွာတွင် တစ်အိမ်ထောင်ရှိ ပျမ်းမျှလူဦးရေမှာ မြန်မာနိုင်ငံ၏ တစ်အိမ်ထောင်ရှိပျမ်းမျှ လူဦးရေ ၅ ဦးစံနှုန်းနှင့် ကိုက်ညီမှုရှိနေပါသည်။

(ခ)အလုပ်လုပ်နိုင်သူ အင်အား

(ခ-၁)လုပ်သားအင်အားနှင့် ဝင်ငွေရလုပ်ငန်း အမျိုးအစား

ဇယား (၂) လုပ်သားအင်အားနှင့် ဝင်ငွေရလုပ်ငန်း အမျိုးအစား

စဉ်	လုပ်ငန်းများ	အဓိက အလုပ်အကိုင်		အဓိကဝင်ငွေရလုပ်ငန်းမဟုတ်သော အခြားဝင်ငွေရလုပ်ငန်းအဖြစ်လုပ်ကိုင်သူ (ဦးရေ)	ရပ်တည်နိုင်မှု (မှတ်ချက်ကိုသေချာစွာဖတ်ပြီး မှန်ရာတစ်ခုကိုသာရွေးရန်။)
		အိမ်ထောင်စု	မိသားစုဝင် လုပ်အား		
စိုက်ပျိုးစီးပွား လုပ်ငန်းများ					
၁	လယ်ယာစိုက်ပျိုးရေး				
	ကိုယ်ပိုင် လုပ်ငန်း	၈၉	၂၂၀	၀	မြင့် ☐လတ်☑နိမ့်☐
	အလုပ်သမား / ဝန်ထမ်း	၁၃	၂၃	၄	မြင့်☐လတ်☐နိမ့်☑
၂	တိရစ္ဆာန် မွေးမြူရေး				
	ကိုယ်ပိုင် လုပ်ငန်း	၀	၀	၄	မြင့် ☐ လတ် ☐ နိမ့် ☑

စဉ်	လုပ်ငန်းများ	အဓိက အလုပ်အကိုင်		အဓိကဝင်ငွေရလုပ်ငန်းမဟုတ်သော အခြားဝင်ငွေရလုပ်ငန်းအဖြစ်လုပ်ကိုင်သူ (ဦးရေ)	ရပ်တည်နိုင်မှု (မှတ်ချက်ကိုသေချာစွာဖတ်ပြီးမှန်ရာတစ်ခုကိုသာရွေးရန်။)
		အိမ်ထောင်စု	မိသားစုဝင် လုပ်အား		
	အလုပ်သမား / ဝန်ထမ်း	၀	၀	၀	မြင့် ☐ လတ် ☐ နိမ့် ☐
၃	ငါးလုပ်ငန်း (ရေချို/ရေငန်ငါး/ပုစွန် စသော ရေသတ္တဝါများ ဖမ်းခြင်း၊မွေးမြူခြင်း)				
	ကိုယ်ပိုင် လုပ်ငန်း	၀	၀	၀	မြင့် ☐လတ် ☐နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း	၀	၀	၀	မြင့် ☐လတ် ☐နိမ့် ☐
၄	သစ်တောလုပ်ငန်း				
	ကိုယ်ပိုင် လုပ်ငန်း	၀	၀	၀	မြင့် ☐လတ် ☐နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း	၀	၀	၀	မြင့် ☐လတ် ☐နိမ့် ☐
စိုက်ပျိုးမွေးမြူရေးမဟုတ်သော အခြားဝင်ငွေရလုပ်ငန်းများ					
၅	သတ္တုတူးဖော်ရေး၊ ကျောက်ထုတ်လုပ်ရေးနှင့် သဘာဝရင်းမြစ်များ ထုတ်လုပ်ခြင်း				
	ကိုယ်ပိုင် လုပ်ငန်း	၀	၀	၄	မြင့် ☐လတ် ☐နိမ့် ☑
	အလုပ်သမား / ဝန်ထမ်း	၀	၀	၀	မြင့် ☐လတ် ☐နိမ့် ☐
၆	ထုတ်ကုန်လုပ်ငန်း				
	ကိုယ်ပိုင် လုပ်ငန်း	၀	၀	၀	မြင့် ☐လတ် ☐နိမ့် ☐

စဉ်	လုပ်ငန်းများ	အဓိက အလုပ်အကိုင်		အဓိကဝင်ငွေရလုပ်ငန်းမဟုတ်သော အခြားဝင်ငွေရလုပ်ငန်းအဖြစ်လုပ်ကိုင်သူ (ဦးရေ)	ရပ်တည်နိုင်မှု (မှတ်ချက်ကိုသေချာစွာဖတ်ပြီး မှန်ရာတစ်ခုကိုသာရွေးရန်။)
		အိမ်ထောင်စု	မိသားစုဝင် လုပ်အား		
	အလုပ်သမား / ဝန်ထမ်း	၀	၀	၀	မြင့် ☐လတ် ☐နိမ့် ☐
၇	လျှပ်စစ်၊ ဓာတ်ငွေ့ နှင့် ရေပေးဝေရေး				
	ကိုယ်ပိုင် လုပ်ငန်း	၀	၀	၀	မြင့် ☐လတ် ☐နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း	၀	၀	၀	မြင့် ☐လတ် ☐နိမ့် ☐
၈	ဆောက်လုပ်ရေး၊ လက်သမား၊ ပန်းရံ လုပ်ငန်း				
	ကိုယ်ပိုင် လုပ်ငန်း	၃	၄	၇	မြင့် ☐လတ် ☑နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း	၄	၆	၄၂	မြင့် ☐လတ် ☐နိမ့် ☑
၉	ယာဉ်၊ စက်ကိရိယာနှင့် တာရှည်ခံအိမ်သုံးပစ္စည်းများပြင်ဆင်ရေး				
	ကိုယ်ပိုင် လုပ်ငန်း	၁	၁	၀	မြင့် ☐လတ် ☐နိမ့် ☑
	အလုပ်သမား / ဝန်ထမ်း	၀	၀	၃	မြင့် ☐လတ် ☐နိမ့် ☑
၁၀	ကျွမ်းကျင်ပညာရှင်များ (ဆံပင်၊ အလှပြင်၊ အပ်ချုပ်၊ အင်ဂျင်နီယာ၊ သင်တန်းပေးသူ စသည်)				
	ကိုယ်ပိုင် လုပ်ငန်း	၀	၀	၄	မြင့် ☐လတ် ☐နိမ့် ☑
	အလုပ်သမား /	၀	၀	၈	မြင့် ☐လတ် ☐နိမ့် ☑

စဉ်	လုပ်ငန်းများ	အဓိက အလုပ်အကိုင်		အဓိကဝင်ငွေရလုပ်ငန်းမဟုတ်သော အခြားဝင်ငွေရလုပ်ငန်းအဖြစ်လုပ်ကိုင်သူ (ဦးရေ)	ရပ်တည်နိုင်မှု (မှတ်ချက်ကိုသေချာစွာဖတ်ပြီး မှန်ရာတစ်ခုကိုသာရွေးရန်။)
		အိမ်ထောင်စု	မိသားစုဝင် လုပ်အား		
	ဝန်ထမ်း				
၁၁	လက်လီ- လက်ကား ရောင်းဝယ်ရေး				
	ကိုယ်ပိုင် လုပ်ငန်း	၀	၀	၃	မြင့် ☐လတ် ☐နိမ့် ☑
	အလုပ်သမား / ဝန်ထမ်း	၁	၂	၇	မြင့် ☐လတ် ☐နိမ့် ☑
၁၂	ဟိုတယ် နှင့် စားသောက်ဆိုင် လုပ်ငန်း				
	ကိုယ်ပိုင် လုပ်ငန်း	၀	၀	၀	မြင့် ☐လတ် ☐နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း	၀	၀	၀	မြင့် ☐လတ် ☐နိမ့် ☐
၁၃	ပို့ဆောင်ရေး၊ သိုလှောင်ရေးနှင့် ဆက်သွယ်ရေး				
	ကိုယ်ပိုင် လုပ်ငန်း	၀	၀	၁	မြင့် ☐လတ် ☐နိမ့် ☑
	အလုပ်သမား / ဝန်ထမ်း	၀	၀	၁	မြင့် ☐လတ် ☐နိမ့် ☑
၁၄	ငွေချေး ဝန်ဆောင်မှု လုပ်ငန်း (ဘဏ် နှင့် ငွေချေးခြင်း အပါအဝင် ငွေကြေးဝန်ဆောင်မှု လုပ်ငန်း)				
	ကိုယ်ပိုင် လုပ်ငန်း	၀	၀	၀	မြင့် ☐လတ် ☐နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း	၀	၀	၀	မြင့် ☐လတ် ☐နိမ့် ☐

စဉ်	လုပ်ငန်းများ	အဓိက အလုပ်အကိုင်		အဓိကဝင်ငွေရလုပ်ငန်းမဟုတ်သော အခြားဝင်ငွေရလုပ်ငန်းအဖြစ်လုပ်ကိုင်သူ (ဦးရေ)	ရပ်တည်နိုင်မှု (မှတ်ချက်ကိုသေချာစွာဖတ်ပြီး မှန်ရာတစ်ခုကိုသာရွေးရန်။)
		အိမ်ထောင်စု	မိသားစုဝင် လုပ်အား		
၁၅	အိမ်ခြံမြေ၊ ယာဉ်၊ စက်ကိရိယာ၊ ရောင်းဝယ် ငှားရမ်းခြင်းနှင့် ဆက်စပ်သော လုပ်ငန်းများ				
	ကိုယ်ပိုင် လုပ်ငန်း	၀	၀	၀	မြင့် ☐လတ် ☐နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း	၀	၀	၀	မြင့် ☐လတ် ☐နိမ့် ☐
၁၆	ပြည်သူဝန်ဆောင်မှုလုပ်ငန်းများ (အုပ်ချုပ်ရေး၊ကာကွယ်ရေးနှင့်ဘေးကင်းလုံခြုံရေး)				
	ကိုယ်ပိုင် လုပ်ငန်း	၀	၀	၀	မြင့် ☐လတ် ☐နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း	၀	၀	၂	မြင့် ☐လတ် ☑နိမ့် ☐
၁၇	ပညာရေး				
	ကိုယ်ပိုင် လုပ်ငန်း	၀	၀	၀	မြင့် ☐လတ် ☐နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း	၀	၀	၁၂	မြင့် ☐လတ် ☑နိမ့် ☐
၁၈	ကျန်းမာရေး				
	ကိုယ်ပိုင် လုပ်ငန်း	၀	၀	၁	မြင့် ☐လတ် ☑နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း	၀	၀	၁	မြင့် ☐လတ် ☑နိမ့် ☐
၁၉	လူမှုရေး လုပ်ငန်းများ				

စဉ်	လုပ်ငန်းများ	အဓိက အလုပ်အကိုင်		အဓိကဝင်ငွေရလုပ်ငန်းမဟုတ်သော အခြားဝင်ငွေရလုပ်ငန်းအဖြစ်လုပ်ကိုင်သူ (ဦးရေ)	ရပ်တည်နိုင်မှု (မှတ်ချက်ကိုသေချာစွာဖတ်ပြီး မှန်ရာတစ်ခုကိုသာရွေးရန်။)
		အိမ်ထောင်စု	မိသားစုဝင် လုပ်အား		
	ကိုယ်ပိုင် လုပ်ငန်း	၀	၀	၀	မြင့် ☐လတ် ☐နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း	၀	၀	၀	မြင့် ☐လတ် ☐နိမ့် ☐
၂၀	အိမ်များတွင် အငှားလိုက်လုပ်သူများနှင့် အမျိုးအမည် မဖော်ပြနိုင်သော လုပ်ငန်းများ				
	ကိုယ်ပိုင် လုပ်ငန်း	၀	၀	၀	☒
	အလုပ်သမား / ကျပန်း /ရာသီအလိုက် အလုပ်သမား	၃	၆	၂	
၂၁	ပြင်ပအဖွဲ့အစည်းများနှင့်ကုမ္ပဏီများတွင်လုပ်ကိုင်သူများ				
	ကိုယ်ပိုင် လုပ်ငန်း	၀	၀	၀	မြင့် ☐လတ် ☐နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း	၀	၀	၁၇	မြင့် ☐လတ် ☐နိမ့် ☑
	စုစုပေါင်း				☒

ရင်းမြစ် ... (၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံး။

လေ့လာတွေ့ရှိချက်။ ။လေ့လာတွေ့ရှိချက် - စိုက်ပျိုးရေး လုပ်ငန်းတွင် ကိုယ်ပိုင်လယ်ယာလုပ်ငန်းလုပ်ကိုင်သည့် အိမ်ထောင်စု ၈၀% စိုက်ပျိုးရေးလုပ်ငန်းတွင် အလုပ်သမားအဖြစ် ပါဝင်လုပ်ကိုင်သည့် အိမ်ထောင်စု ၁၀% နှင့် အခြားဝင်ငွေရ လုပ်ငန်းအမျိုးမျိုးလုပ်ကိုင်သည့် အိမ်ထောင်စု ၁၀% တို့ရှိကြပါသည်။ သွားဆရာဝန် (၁)ယောက်ရှိပါသည်။

(ခ-၂) လုပ်ငန်းနှင့်ကျား၊မအလိုက်အနည်းဆုံးနှင့်အများဆုံးလုပ်အားခနှုန်းထား

ဇယား (၃) လုပ်ငန်းနှင့်ကျား၊မအလိုက်အနည်းဆုံးနှင့်အများဆုံးလုပ်အားခနှုန်းထား

စဉ်	အလုပ်အကိုင်	ရေတွက်ပုံ	အများဆုံး (ကျပ်)		အနည်းဆုံး (ကျပ်)	
			ကျား	မ	ကျား	မ
၁	လယ်ယာစိုက်ပျိုးရေး	နေ့စား	၇၀၀၀	၅၀၀၀	၅၀၀၀	၃၀၀၀
၂	တိရစ္ဆာန်မွေးမြူရေး	နေ့စား	၀	၀	၀	၀
၃	ငါးလုပ်ငန်း (ရေချို/ရေငန်ငါးဖမ်းခြင်း၊မွေးမြူခြင်း)	နေ့စား	၀	၀	၀	၀
၄	သတ္တုတူးဖော်ရေး၊ကျောက်ထုတ်လုပ်ရေး နှင့် သဘာဝရင်းမြစ်များ ထုတ်လုပ်ခြင်း	နေ့စား	၀	၀	၀	၀
၅	ထုတ်ကုန်လုပ်ငန်း	နေ့စား	၀	၀	၀	၀
၆	ဆောက်လုပ်ရေး၊ လက်သမား၊ ပန်းရံလုပ်ငန်း	နေ့စား	၁၀၀၀၀	၅၀၀၀	၅၀၀၀	၃၀၀၀
၇	ယာဉ်၊ စက်ကိရိယာ၊ အိမ်သုံးပစ္စည်းများ ပြင်ဆင်ရေး	နေ့စား	၀	၀	၀	၀
၈	လက်လီ-လက်ကား ရောင်းဝယ်ရေး	နေ့စား	၅၀၀၀	၃၀၀၀	၃၀၀၀	၁၅၀၀
၉	ကျွမ်းကျင်ပညာရှင်များ (ဆရာဝန်၊ အလှပြင်၊ အပ်ချုပ်၊ အင်ဂျင်နီယာ၊ သင်တန်းပေးသူ စသည်)	နေ့စား	၀	၀	၀	၀
၁၀	ဟိုတယ်နှင့် စားသောက်ဆိုင်လုပ်ငန်း	နေ့စား	၀	၀	၀	၀

ရင်းမြစ်...ဦးတည်အုပ်စုဆွေးနွေးခြင်း - ရပ်မိရပ်ဖအုပ်စု၊အမျိုးသမီးအုပ်စု၊လယ်သမားအုပ်စု။

မှတ်ချက်(၁) လခစားအလုပ်သမားများ၏တစ်ရက်ဝင်ငွေ = (လစာ÷၂၂.၇၅)

(၂) နာရီတွက်ဖြင့်ရသောအလုပ်သမားများ၏တစ်ရက်ဝင်ငွေ = (တစ်နာရီဝင်ငွေ × ၈)

လေ့လာတွေ့ရှိချက်။ ။လေ့လာတွေ့ရှိချက် - လက်သမား၊ပန်းရံများ၏ ဆရာအဆင့်လုပ်အားခမှာ တစ်နေ့ ၁၀၀၀/-ကျပ် ရရှိနိုင်ပါသည်။ ကျေးရွာတွင် စပါးနှင့်မြေပဲသီးနှံများကို အဓိကစိုက်ပျိုးရေး လုပ်ကိုင်ကြပြီး အလုပ်သမားများအတွက် အလုပ်အကိုင်အသင့်အတင့်ရှိပါသည်။ သီးနှံရိတ်သိမ်း ချိန်တွင် လုပ်အားခကို တစ်ဦးလျှင်ပျမ်းမျှတစ်နေ့ ၆၀၀၀/-ကျပ် အတွင်း ရရှိနိုင်ကြသည်။ အခြားလုပ်ငန်းလုပ်ကိုင်သူများ၏ လုပ်အားခမှာ လုပ်သက်နှင့် ပညာအရည်အချင်းအလိုက် ၈၀၀၀/- ၁၆၀၀၀/- ကျပ် အထိရရှိကြသည်။ လုပ်အားခရရှိမှုမှာ ကျားနှင့် မ အတွက် မတူညီနိုင်ဘဲ ကျားလုပ်အားခမှ အမြဲတမ်းလိုလို ပိုနေတတ်သည်။

(ဂ) သဘာဝရင်းမြစ်များ

(ဂ-၁) စိုက်ပျိုးနိုင်သော မြေဧရိယာ

ဇယား (၄) ကျေးရွာ၏စိုက်ပျိုးမြေ ပိုင်ဆိုင်မှု

မြေအမျိုးအစား	ဧရိယာ (ဧက)	မြေဆီလွှာအရည်အသွေး (မှန်ရာတစ်ခုကိုသာရွေးရန်)
လယ်မြေ	၄၃၉.၀၀	ကောင်း ☐သင့်☑ညံ့ ☐
ယာမြေ / တောင်ယာမြေ	၂၃၉.၀၀	ကောင်း ☐ သင့်☑ ညံ့ ☐
ဥယျာဉ်ခြံမြေ	၀.၀၀	ကောင်း ☐ သင့်☐ ညံ့ ☐
ကိုင်း/ ကျွန်းမြေ	၀.၀၀	ကောင်း ☐ သင့်☐ ညံ့ ☐
ခနိတောမြေ	၀.၀၀	ကောင်း ☐ သင့်☐ ညံ့ ☐
စားကျက်မြေ	၀.၀၀	ကောင်း ☐ သင့်☐ညံ့ ☐
မြေလွတ်မြေလပ်	၀.၀၀	ကောင်း ☐ သင့်☐ ညံ့ ☐
စုစုပေါင်း	၆၇၈	☒

ရင်းမြစ်... (၁) အိမ်ထောင်စုစာရင်းကောက်ယူမှု၊ (၂) ဦးတည်အုပ်စုဆွေးနွေးခြင်း - လယ်သမားအုပ်စု၊ (၃) လယ်ယာမြေစီမံခန့်ခွဲရေးနှင့်စာရင်းအင်းဦးစီးဌာန၊ (၄) ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးရုံး။

မှတ်ချက်။။မြေလွတ်မြေလပ်ဆိုသည်မှာယခင်ကသီးစားခံယူလုပ်ကိုင်လာခဲ့ပြီးအကြောင်းအမျိုးမျိုးကြောင့်စွန့်လွတ်ထားသည့်သီးစားခံယူလုပ်ကိုင်သူမရှိသောစိုက်ပျိုးရေး (သို့)
မွေးမြူရေးလုပ်ကိုင်နိုင်သည့်မြေနှင့်နိုင်ငံတော်ကသီးသန့်လျာထားသတ်မှတ်သည့်မြေများကိုဆိုသည်။

လေ့လာတွေ့ရှိချက်။ ။လေ့လာတွေ့ရှိချက် - ကျေးရွာ၏ လယ်ယာမြေများတစ်လျှောက် ရခဲ့ဆည်ရေ လွတ်တူးမြောင်းနှင့် ချောင်းရေ(စီဘိုးချောင်း) ဖြတ်သန်းသွားသဖြင့် ကုန်းမြင့်ဆန်သော လယ်မြေဧက အနည်းငယ်မှ အပစိုက်ပျိုးနိုင်သော်လည်း မိုးကောင်းအရပ်ဒေသဖြစ်၍ စိုက်ပျိုးရေ လုံလောက်မှု မရှိကြပေ။ စပါးသီးနှံထွက်နှုန်းအသင့်သာ ရရှိကြသည်။ယာမြေများမှာ မြေပဲသီးနှံစိုက်ပျိုးကြပြီး သီးနှံအထွက်နှုန်းအသင့်အတင့် ကောင်းမွန်ပါသည်။ မြေလွတ်နှင့် စားကျက်မြေများ အလွန်နည်းပါးပါသည်။

(ဂ-၂) ဓာတ်သတ္တုနှင့် အခြားသဘာဝရင်းမြစ်များ

ဇယား (၅) ဓာတ်သတ္တုနှင့် အခြားသဘာဝရင်းမြစ်များ

အမျိုးအစား	ကျေးရွာနှင့်အနီးပတ်ဝန်းကျင်တွင် သဘာဝအတိုင်းတွေ့ရှိနိုင်မှု (မှန်ရာတစ်ခုကိုသာရွေးရန်)	အသုံးချနိုင်မှု (မှန်ရာတစ်ခုကိုသာရွေးရန်)
သတ္တုနှင့်အခြားတွင်းထွက်သယံဇာတများ (ဓာတ်ငွေ့၊ရေနံ၊ကျောက်မျက်စသည်။)	များ ☐ သင့်☐ နည်း ☐ မရှိ ☑	လွယ် ☐ခက်☐ အသုံးမပြုနိုင်ပါ ☐
ကျောက်၊သဲ၊ကျောက်စရစ်စသည်မျိုး	များ ☐ သင့်☑ နည်း ☐ မရှိ ☐	လွယ် ☑ခက်☐ အသုံးမပြုနိုင်ပါ ☐
သဘာဝအပင်မျိုးစိတ်များ	များ ☐ သင့် ☑	လွယ် ☐ ခက်

အမျိုးအစား	ကျေးရွာနှင့်အနီးပတ်ဝန်းကျင်တွင် သဘာဝအတိုင်းတွေ့ရှိနိုင်မှု (မှန်ရာတစ်ခုကိုသာရွေးရန်)	အသုံးချနိုင်မှု (မှန်ရာတစ်ခုကိုသာရွေးရန်)
(နွားစာ၊ဆေးဘက်ဝင်အပင်များ)	နည်း ☐ မရှိ ☐	☑အသုံးမပြုနိုင်ပါ☐
သဘာဝတိရစ္ဆာန်မျိုးစိတ်များ	များ ☐ သင့်☐ နည်း ☑ မရှိ ☐	☒

ရင်းမြစ် ... ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု၊ သစ်တောဦးစီးဌာန၊ အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန။

လေ့လာတွေ့ရှိချက်။ ။လေ့လာတွေ့ရှိချက် - ကျေးရွာတွင် သဘာဝတွင်းထွက်သယံဇာတများ မထွက်ရှိပါ။ ချောင်း နှင့် ဂျင်းမြေ ကျောက်ကုန်းအနီးအနားတွင်ရှိ၍ သဲ၊ ကျောက်၊ ကျောက်စရစ်များ အသင့်အတင့် ထုတ်ယူ ရရှိနိုင်ပါသည်။ စားကျက်မြေများ သီးသန့်မရှိတော့ပေ။ သဘာဝတိရိစ္ဆာန်မျိုး စိတ်များလည်း နည်းပါးသွားပြီး ဖြစ်သည်။ ဆေးဘက်ဝင်အပင်များမှာ ဒေသတွင်းတွေ့ရသော အပင်များသာရှိသည်။

(ဃ)ဥစ္စာဓနအဆင့် အခြေအနေ

ဇယား (၆) ဥစ္စာဓနအဆင့် အခြေအနေ

အကြောင်းအရာ	သတ်မှတ်စံနှုန်း			
	အဆင်ပြေသော အိမ်ထောင်စု	အလယ်အလတ်ရှိသော အိမ်ထောင်စု	မပြေလည်သော အိမ်ထောင်စု	အလွန်မပြေလည် သောအိမ်ထောင်စု
မြေယာပိုင်ဆိုင်မှု	များ	အသင့်အတင့်	နည်း	အလွန်နည်း (သို့) မရှိ
အိမ်အခြေအနေ	အလွန်ကောင်း	အသင့်အတင့်ကောင်း	ညံ့	အလွန်ညံ့

အကြောင်းအရာ	သတ်မှတ်စံနှုန်း			
	အဆင်ပြေသော အိမ်ထောင်စု	အလယ်အလတ်ရှိသော အိမ်ထောင်စု	မပြေလည်သော အိမ်ထောင်စု	အလွန်မပြေလည်သောအိမ်ထောင်စု
ကုန်ထုတ်လုပ်မှုနှင့် ဆိုင်သောပိုင်ဆိုင်မှု	များ	အသင့်အတင့်	နည်း	မရှိ
အဓိကစီးပွားရေး လုပ်ငန်း	စီးပွား (ဝင်ငွေ) အလွန်ကောင်း	စီးပွား (ဝင်ငွေ) အသင့်အတင့်	စီးပွား (ဝင်ငွေ) နည်း	စီးပွား (ဝင်ငွေ) အလွန်နည်း
အိမ်ထောင်စု	၂၀	၃၂	၃၄	၂၈

ရင်းမြစ်... (၁) ကျေးရွာလုံးကျွတ်အစည်းအဝေးပြုလုပ်ခြင်း။

လေ့လာတွေ့ရှိချက်။ ။လေ့လာတွေ့ရှိချက် - ကျေးရွာတွင် ဥစ္စာဓနအဆင့် သတ်မှတ်ရာတွင် အိမ်ထောင်စုအားလုံး၏ ၃ပုံ-၁ပုံ မှာ အဆင်ပြေသောအိမ်ထောင်စုများဟု သတ်မှတ်ကြပြီး ကျန်(၃)ပုံ-(၂)ပုံခန့်မှာ အဆင်မပြေသည့် အိမ်ထောင်စုများ အဖြစ်သတ်မှတ်ကြပါသည်။ အိမ်ထောင်စုအများစုမှာ လယ်/ယာစိုက်ပျိုးရေးကိုအဓိကစီးပွားရေးလုပ်ငန်းအဖြစ်လုပ်ကိုင်ကြပါသည်။

(ငာ) ထိခိုက်လွယ်မှု

(ငာ-၁) ဝမ်းစာ ဖူလုံမှု

ဇယား (၇) ချေးငှားခြင်းမရှိဘဲ တစ်နေ့လျှင် အနည်းဆုံး နှစ်နပ်စားနိုင်သည့် အိမ်ထောင်စုများ (ဥစ္စာ ဓနအဆင့် '၃' နှင့် '၄' အိမ်ထောင်စုပေါင်း၏ ၃၀ ရာခိုင်နှုန်းစီ)

အချိန်ကာလ	အိမ်ထောင်စုအရေအတွက်	ဖြေရှင်းသည့်နည်းဗျူဟာ(ဖြေရှင်းနည်းတစ်ခုစီအလိုက် အိမ်ထောင်စုအရေအတွက်များကိုဖော်ပြရန်)
၃လအောက်ဝမ်းစာဖူလုံမှု	၀	အခြားအစာပြောင်းလဲစား = ၀ အစာလျှော့စား = ၀ အထောက်အပံ့ယူ = ၀ ချေးယူ = ၀ လုပ်အားခကြိုယူ = ၀
၃လနှင့်ဖြလကြားဝမ်းစာဖူလုံမှု	၀	အခြားအစာပြောင်းလဲစား = ၀ အစာလျှော့စား = ၀ အထောက်အပံ့ယူ = ၀ ချေးယူ = ၀ လုပ်အားခကြိုယူ = ၀
ဖြလမှာ၂လအထိဝမ်းစာဖူလုံမှု	၀	အခြားအစာပြောင်းလဲစား = ၀ အစာလျှော့စား = ၀ အထောက်အပံ့ယူ = ၀ ချေးယူ = ၀ လုပ်အားခကြိုယူ = ၀

ရင်းမြစ်..ဥစ္စာဓနအဆင့် ‘၃’ နှင့် ‘၄’ အိမ်ထောင်စုပေါင်း၏ ၃၀ ရာခိုင်နှုန်းစီအားစစ်တမ်းကောက်ယူခြင်း။

လေ့လာတွေ့ရှိချက်။ ။လေ့လာတွေ့ရှိချက် -

(c-၂) ကူညီစောင့်ရှောက်မှု အထူးလိုအပ်သော အုပ်စုများ၏ ထိခိုက်လွယ်မှု အခြေအနေ

ဇယား (၈) ကူညီစောင့်ရှောက်မှု အထူးလိုအပ်သော အုပ်စုများ၏ ထိခိုက်လွယ်မှု အခြေအနေ

အကြောင်းအရာ	ကျား	မ	ပေါင်း
မိသားစုစောင့်ရှောက်မှုမရှိသောသက်ကြီးရွယ်အိုဖြင့်နှစ်နှင့်အထက်	၀	၀	၀
မိသားစု/ရပ်ရွာ၏စောင့်ရှောက်မှုမရှိသောမသန်စွမ်းသည့်ပုဂ္ဂိုလ်	၀	၀	၀
	အိမ်ထောင်စုအရေအတွက်		
ဆင်းရဲ၍မိသားစုဦးရေများသည့်အမျိုးသမီးဦးဆောင်အိမ်ထောင်စု			၀
ဆင်းရဲ၍မိသားစုဦးရေများသည့်မုဆိုးဖို/ တစ်ခုလပ်အိမ်ထောင်စု			၀
အခြားဒေသသို့ကြာမြင့်စွာသွားရောက်နေထိုင်လုပ်ကိုင်နေသည့်ဆင်းရဲသည့်အိမ်ထောင်စု			၀

ရင်းမြစ် ... ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု။

လေ့လာတွေ့ရှိချက်။။လေ့လာတွေ့ရှိချက် - ကျေးရွာတွင် ထိခိုက်လွယ်သော အိမ်ထောင်စုများမှာ မိသားစုစောင့်ရှောက်မှု နည်းသူများမရှိကြပါ။

(c-၃) ကျေးရွာ၏ ထိခိုက်သက်ရောက်လွယ်မှု အခြေအနေ

ဇယား (၉) ကျေးရွာ၏ ထိခိုက်သက်ရောက်လွယ်မှု အခြေအနေ

စဉ်	ထိခိုက်လွယ်မှုအမျိုးအစား(အခြေအနေ)	ထိခိုက်လွယ်မှု(မှန်ရာတစ်ခုကိုသာရွေးရန်)
၁	စားနပ်ရိက္ခာမဖူလုံမှု	မြင့် ☐ လတ် ☐ နိမ့် ☑ မရှိ ☐
၂	သဘာဝရင်းမြစ်ရှားပါးမှု (မြေ၊စိုက်ပျိုးရေ)	မြင့် ☐ လတ် ☑

စဉ်	ထိခိုက်လွယ်မှုအမျိုးအစား(အခြေအနေ)	ထိခိုက်လွယ်မှု(မှန်ရာတစ်ခုကိုသာရွေးရန်)
		နိမ့် ☐ မရှိ ☐
၃	ရေကြီးခြင်း	မြင့် ☐ လတ် ☐ နိမ့် ☑ မရှိ ☐
၄	မိုးခေါင်ခြင်း	မြင့် ☐ လတ် ☑ နိမ့် ☐ မရှိ ☐
၅	အအေးလွန်ကဲခြင်း	မြင့် ☐ လတ် ☐ နိမ့် ☑ မရှိ ☐
၆	မုန်တိုင်း	မြင့် ☐ လတ် ☐ နိမ့် ☑ မရှိ ☐
၇	ငလျင်	မြင့် ☐ လတ် ☐ နိမ့် ☑ မရှိ ☐
၈	မီးဘေး	မြင့် ☐ လတ် ☐ နိမ့် ☐ မရှိ ☑
၉	ဆားငန်ရေဝင်မြေ	မြင့် ☐ လတ် ☐ နိမ့် ☐ မရှိ ☑
၁၀	မြေပြိုခြင်း၊မြေဆီလွှာပျက်ယွင်းမှု	မြင့် ☐ လတ် ☐ နိမ့် ☐ မရှိ ☑
၁၁	သစ်တောပြုန်းတီးခြင်း	မြင့် ☑ လတ် ☐ နိမ့် ☐ မရှိ ☐
၁၂	ငှက်ဖျားရောဂါ	မြင့် ☐ လတ် ☐ နိမ့် ☑ မရှိ ☐
၁၃	တီဘီရောဂါ	မြင့် ☐ လတ် ☐

စဉ်	ထိခိုက်လွယ်မှုအမျိုးအစား(အခြေအနေ)	ထိခိုက်လွယ်မှု(မှန်ရာတစ်ခုကိုသာရွေးရန်)
		နိမ့် ☑ မရှိ ☐
၁၄	ကိုယ်ခံအားကျဆင်းမှုရောဂါ	မြင့် ☐ လတ် ☐ နိမ့် ☐ မရှိ ☑
၁၅	ပြည်တွင်းပဋိပက္ခ	မြင့် ☐ လတ် ☐ နိမ့် ☐ မရှိ ☑
၁၆	တိရစ္ဆာန်ကူးစက်ရောဂါကျရောက်မှု	မြင့် ☐ လတ် ☐ နိမ့် ☑ မရှိ ☐
၁၇	လူကုန်ကူးခြင်း	မြင့် ☐ လတ် ☐ နိမ့် ☐ မရှိ ☑
၁၈	ဝေးလံခေါင်သီ/လမ်းပန်းဆက်သွယ်ရေးခက်ခဲစသည်	မြင့် ☐ လတ် ☐ နိမ့် ☑ မရှိ ☐

ရင်းမြစ် … ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု။

မှတ်ချက်။ ။ ထိခိုက်သက်ရောက်လွယ်မှုဆိုရာ၌ ကျေးရွာတွင် စားနပ်ရိက္ခာမဖူလုံခြင်း၊ ရေကြီးခြင်း၊ မိုးခေါင်ခြင်းစသည့် အခြေအနေများ ဖြစ်ပေါ်ခြင်းရှိပါက ယင်းဖြစ်စဉ်များအတွက် ကျေးရွာသူရွာသားများ ထိခိုက်သက်ရောက်မှု ရှိနိုင်ပါသလား။ ထိခိုက်မှုရှိပါက ကျေးရွာ၏ မည်သို့သော အိမ်ထောင်စုများနှင့် အိမ်ထောင်စုမည်မျှ ထိခိုက်သက်ရောက်မှု ခံစားကြရပါသလဲ။ (ဥပမာ။ ။

အိမ်ထောင်စု ၁၀၀ တွင် ၂၅ အိမ်ထောင်စု အောက် - နိမ့်

အိမ်ထောင်စု ၁၀၀ တွင် ၂၅ မှ ၅၀ အိမ်ထောင်စု - လတ်

အိမ်ထောင်စု ၁၀၀ တွင် ၅၀ အိမ်ထောင်စု အထက် - မြင့်)

လေ့လာတွေ့ရှိချက်။ ။လေ့လာတွေ့ရှိချက် - ထိခိုက်သက်ရောက်မှု အမျိုးအစားတွင် မိုးကောင်းအရပ်ဒေသဖြစ်၍ စိုက်ပျိုးရေ လုံလောက်မှုမရှိခြင်း၊လွန်ခဲ့သောဆယ်စုနှစ်များက ကျေးရွာမှ မလှမ်းမကမ်းတွင် တည်ရှိသော တောများသို့သွားရောက်ထင်းခုတ်၊ သစ်ရှာခဲ့ကြရာတွင် လွယ်ကူခဲ့ကြသလောက် ယခုနှစ်များတွင် ရှာဖွေရရှိနိုင်ရန် လွန်စွာခက်ခဲပါသည်။

(၄-၄) ထိခိုက်သက်ရောက်မှု ခံရနိုင်သည့်သူများ

ဇယား (၁၀) ထိခိုက်သက်ရောက်မှု ခံရနိုင်သည့်သူများ

စဉ်	ထိခိုက်သက်ရောက်မှုခံရနိုင်သည့်သူများ	ထိခိုက်လွယ်မှု (မှန်ရာတစ်ခုကိုသာရွေးရန်)
၁	လူငယ်	မြင့် ☐ လတ် ☐ နိမ့် ☑ မရှိ ☐
၂	အမျိုးသမီးဦးဆောင်သည့်ဆင်းရဲသည့်အိမ်ထောင်စု	မြင့် ☐ လတ် ☐ နိမ့် ☑ မရှိ ☐
၃	မြေယာမဲ့၊ဆင်းရဲသားတောင်သူ	မြင့် ☐ လတ် ☐ နိမ့် ☑ မရှိ ☐
၄	သဘာဝဘေးဒဏ်ဆိုးရွားစွာကျရောက်နိုင်သောအိမ်ထောင်စု/ ကူးစက်ရောဂါထူပြောသောဒေသတွင်နေထိုင်သူ	မြင့် ☐ လတ် ☐ နိမ့် ☐ မရှိ ☑
၅	မြစ်ကမ်းဘေးနေထိုင်သူများ	မြင့် ☐ လတ် ☐ နိမ့် ☐ မရှိ ☑
၆	မတော်တဆမှုဖြစ်နိုင်ခြေများသောနေရာ(Prone to accident)တွင်နေထိုင်သူများ	မြင့် ☐ လတ် ☐ နိမ့် ☑ မရှိ ☐
၇	ပြည်တွင်းနေရပ်စွန့်ခွာရွှေ့ပြောင်းခံရသူများ(IDP)	မြင့် ☐ လတ် ☐ နိမ့် ☑ မရှိ ☐
၈	မြေနိမ့်ပိုင်းနေထိုင်သူများ	မြင့် ☐ လတ် ☐ နိမ့် ☑ မရှိ ☐
၉	ငါးကန်ပိုင်ရှင်များ	မြင့် ☐ လတ် ☐ နိမ့် ☐ မရှိ ☑
၁၀	လက်လုပ်လက်စားများ၊ကျပန်းများ	မြင့် ☐ လတ် ☐

စဉ်	ထိခိုက်သက်ရောက်မှုခံရနိုင်သည့်သူများ	ထိခိုက်လွယ်မှု (မှန်ရာတစ်ခုကိုသာရွေးရန်)
		နိမ့် ☑ မရှိ ☐
၁၁	လူနည်းစုလူမျိုးများ	မြင့် ☐ လတ် ☐ နိမ့် ☑ မရှိ ☐
၁၂	ဒေသတွင်းပဋိပက္ခဧရိယာတွင်နေထိုင်သူများ	မြင့် ☐ လတ် ☐ နိမ့် ☑ မရှိ ☐
၁၃	နယ်စပ်ဒေသတွင်နေထိုင်သူများ	မြင့် ☐ လတ် ☐ နိမ့် ☑ မရှိ ☐
၁၄	ရွှေတွင်းလုပ်သားများ	မြင့် ☐ လတ် ☐ နိမ့် ☑ မရှိ ☐
၁၅	ဆေးစွဲသူများ	မြင့် ☐ လတ် ☐ နိမ့် ☑ မရှိ ☐
၁၆	ကူးစက်ရောဂါရနိုင်ခြေရှိသောသူများ	မြင့် ☐ လတ် ☐ နိမ့် ☑ မရှိ ☐
၁၇	လှည့်လည်သွားလာ၍ဈေးရောင်းသူများ	မြင့် ☐ လတ် ☐ နိမ့် ☑ မရှိ ☐
၁၈	နေရပ်ပြန်အခြေချသူများ	မြင့် ☐ လတ် ☐ နိမ့် ☑ မရှိ ☐
၁၉	ရွှေပြောင်းလုပ်သားများ	မြင့် ☐ လတ် ☐ နိမ့် ☑ မရှိ ☐
၂၀	ကားမောင်းပြီးအသက်မွေးသူများ	မြင့် ☐ လတ် ☐ နိမ့် ☑ မရှိ ☐

ရင်းမြစ် … ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု။

မှတ်ချက်။ ။ ကျေးရွာရှိ လူငယ်များ၊ အမျိုးသမီးဦးဆောင်သော အိမ်ထောင်စုများ စသည်တို့သည် မည်သို့သောအခြေအနေများတွင် လွယ်လွယ်ကူကူ ထိခိုက်သက်ရောက်မှု ရှိနိုင်ပါသလား။ ထိခိုက်မှုရှိပါက မည်မျှအထိ ထိခိုက်ကြပါသနည်း။

လေ့လာတွေ့ရှိချက်။ ။လေ့လာတွေ့ရှိချက် - ထိရောက်သက်မှုခံရနိုင်သည့်သူများအတွက် အုပ်စုအလိုက်ခွဲခြားသတ်မှတ်ရာတွင်လည်း ထိခိုက်သက်ရောက်မှုနိမ့်ကြောင်းတွေ့ရသည်။ လူငယ်၊လူရွယ်များ မူးယစ်ဆေးဝါးသုံးစွဲမှု၊ အရက်သေစာ သောက်စားမှုနည်းပါးကြ၍ ထိခိုက်သက်ရောက်မှု နိမ့်ကျသည်။

(၂)ကျေးရွာ၏ လက်ရှိ ဖွံ့ဖြိုးရေး အခြေအနေ

(က)ဖွံ့ဖြိုးရေးအဖွဲ့အစည်းများ အခြေအနေ

(က-၁)ကျေးရွာတွင်းရှိ လူထုအခြေပြု အဖွဲ့အစည်းများ

ဇယား (၁၁) ကျေးရွာတွင်းရှိ လူထုအခြေပြု အဖွဲ့အစည်းများ

စဉ်	အဖွဲ့အစည်းအမည်	အမျိုးအစား(မှန်ရာတစ်ခုကိုသာရွေးရန်)	အဖွဲ့ဝင်ဦးရေ			လုပ်ငန်းတာဝန် (အနည်းဆုံးတစ်ခုနှင့်အထက်ရွေးနိုင်သည်။)	စွမ်းဆောင်နိုင်မှု(မှန်ရာတစ်ခုကိုသာရွေးရန်)
			ကျား	မ	ပေါင်း		
၁	ရပ်မိရပ်ဖ	၁ ☑ ၂ ☐ ၃ ☐	၁၅	၀	၁၅	ပညာရေး ☑ ငွေကြေး ☑ ကျန်းမာရေး ☑ ဘာသာရေး ☑ စိုက်ပျိုးမွေးမြူရေး ☑ သာရေး၊နာရေး၊လူမှုဖွံ့ဖြိုးရေး ☑ လုံခြုံရေးနှင့် ကာကွယ်ရေး ☑	ကောင်း ☑ သင့် ☐ ညံ့ ☐
၂	ဂေါပက	၁ ☑ ၂ ☐ ၃ ☐	၁၅	၀	၁၅	ပညာရေး ☐ ငွေကြေး ☐ ကျန်းမာရေး ☐ ဘာသာရေး ☑ စိုက်ပျိုးမွေးမြူရေး ☐ သာရေး၊နာရေး၊လူမှုဖွံ့ဖြိုးရေး ☑	ကောင်း ☐ သင့် ☑ ညံ့ ☐

စဉ်	အဖွဲ့အစည်းအမည်	အမျိုးအစား(မှန်ရာတစ်ခုကိုသာရွေးရန်)	အဖွဲ့ဝင်ဦးရေ			လုပ်ငန်းတာဝန် (အနည်းဆုံးတစ်ခုနှင့်အထက်ရွေးနိုင်သည်။)	စွမ်းဆောင်နိုင်မှု(မှန်ရာတစ်ခုကိုသာရွေးရန်)
			ကျား	မ	ပေါင်း		
						လုံခြုံရေးနှင့် ကာကွယ်ရေး ☐	
၃	ဓမ္မစကြာ	၁ ☑ ၂ ☐ ၃ ☐	၀	၈၀	၈၀	ပညာရေး ☐ ဌေးကြေး ☐ ကျန်းမာရေး ☐ ဘာသာရေး ☑ စိုက်ပျိုးမွေးမြူရေး ☐ သာရေး၊နာရေး၊လူမှုဖွံ့ဖြိုးရေး ☑ လုံခြုံရေးနှင့် ကာကွယ်ရေး ☐	ကောင်း ☐ သင့် ☑ ညံ့ ☐
၄	လူငယ်အထောက်အကူပြု	၁ ☐ ၂ ☑ ၃ ☐	၄၅	၆၅	၁၁၀	ပညာရေး ☑ ဌေးကြေး ☑ ကျန်းမာရေး ☑ ဘာသာရေး ☑ စိုက်ပျိုးမွေးမြူရေး ☐ သာရေး၊နာရေး၊လူမှုဖွံ့ဖြိုးရေး ☑ လုံခြုံရေးနှင့် ကာကွယ်ရေး ☑	ကောင်း ☑ သင့် ☐ ညံ့ ☐
၅	မီးကော်မတီ	၁ ☐ ၂ ☑ ၃ ☐	၄၀	၀	၄၀	ပညာရေး ☐ ဌေးကြေး ☐ ကျန်းမာရေး ☐ ဘာသာရေး ☐	ကောင်း ☐ သင့် ☑ ညံ့ ☐

စဉ်	အဖွဲ့အစည်းအမည်	အမျိုးအစား(မှန်ရာတစ်ခုကိုသာရွေးရန်)	အဖွဲ့ဝင်ဦးရေ			လုပ်ငန်းတာဝန် (အနည်းဆုံးတစ်ခုနှင့်အထက်ရွေးနိုင်သည်။)	စွမ်းဆောင်နိုင်မှု(မှန်ရာတစ်ခုကိုသာရွေးရန်)
			ကျား	မ	ပေါင်း		
						စိုက်ပျိုးမွေးမြူရေး ☐ သာရေး၊နာရေး၊လူမှုဖွံ့ဖြိုးရေး ☑ လုံခြုံရေးနှင့် ကာကွယ်ရေး ☑	
၆	ကျောင်းကော်မတီ	၁ ☐ ၂ ☑ ၃ ☐	၂၅	၀	၂၅	ပညာရေး ☑ ငွေကြေး ☐ ကျန်းမာရေး ☐ ဘာသာရေး ☐ စိုက်ပျိုးမွေးမြူရေး ☐ သာရေး၊နာရေး၊လူမှုဖွံ့ဖြိုးရေး ☐ လုံခြုံရေးနှင့် ကာကွယ်ရေး ☐	ကောင်း ☐ သင့် ☑ ညံ့ ☐
၇	လမ်းကော်မတီ	၁ ☐ ၂ ☑ ၃ ☐	၂၀	၀	၂၀	ပညာရေး ☑ ငွေကြေး ☐ ကျန်းမာရေး ☑ ဘာသာရေး ☐ စိုက်ပျိုးမွေးမြူရေး ☑ သာရေး၊နာရေး၊လူမှုဖွံ့ဖြိုးရေး ☑ လုံခြုံရေးနှင့် ကာကွယ်ရေး ☑	ကောင်း ☑ သင့် ☐ ညံ့ ☐

ရင်းမြစ် ... ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု၊ အမျိုးသမီး အုပ်စု။

အုပ်စုအမျိုးအစား

(၁)စီးပွားရေးအခြေခံသောအုပ်စု- လယ်သမားအဖွဲ့၊ ငွေစုငွေချေးအဖွဲ့ စသည့်။

(၂)လူမှုရေးအဖွဲ့ - ဥပမာ - အမျိုးသမီးအဖွဲ့၊ လူငယ်အဖွဲ့၊ ကိုယ်ထူကိုယ်ထအဖွဲ့။

(၃)ဘာသာရေးနှင့် ယဉ်ကျေးမှုအဖွဲ့။

လေ့လာတွေ့ရှိချက်။ ။လေ့လာတွေ့ရှိချက် - ကျေးရွာတွင် လူမှုရေးဆိုင်ရာဦးအဖွဲ့(၄)ဖွဲ့နှင့် ဘာသာရေးနှင့်ယဉ်ကျေးမှုဆိုင်ရာဦးအဖွဲ့(၃)ဖွဲ့ တို့ရှိကြသည်။ ၎င်းအဖွဲ့အစည်းများ၏ ဆက်နွယ်ဆောင်ရွက်မှုများသည် အဖွဲ့အစည်းပိုင်းဆိုင်ရာစီမံခန့်ခွဲမှုပိုင်းတွင် ကောင်းမွန်မှုများ တွေ့ရသည်။

(က-၂) ကျေးရွာဖွံ့ဖြိုးရေးဆောင်ရွက်နေသောပြင်ပအဖွဲ့အစည်းများ

ဇယား (၁၂) ကျေးရွာဖွံ့ဖြိုးရေးဆောင်ရွက်နေသောပြင်ပအဖွဲ့အစည်းများ

စဉ်	အမည်	အဖွဲ့အစည်းအမျိုးအစား (မှန်ရာတစ်ခုကိုသာရွေးရန်)	အဖွဲ့အစည်း၏လုပ်ငန်းတာဝန်များနှင့်အစီအစဉ် (အနည်းဆုံးတစ်ခုနှင့်အထက်ရွေးနိုင်သည်)
၁	SMDG/ UNOPS Myanmar	၁ ☐ ၂ ☑ ၃ ☐ ၄ ☐၅ ☐ ၆ ☐ ၇ ☐	ပညာရေး ☐ ငွေကြေး ☐ ကျန်းမာရေး ☑ ဘာသာရေး ☐ စိုက်ပျိုးမွေးမြူရေး ☐ သာရေး/နာရေး၊ လူမှုဖွံ့ဖြိုးရေး ☐
၂	ဥရောပ-အာရှကော်မာရှယ်ကုမ္ပဏီလိမိတက်	၁ ☐ ၂ ☑ ၃ ☐ ၄ ☐၅ ☐ ၆ ☐ ၇ ☐	ပညာရေး ☐ ငွေကြေး ☐ ကျန်းမာရေး ☑ ဘာသာရေး ☐ စိုက်ပျိုးမွေးမြူရေး ☐ သာရေး/နာရေး၊ လူမှုဖွံ့ဖြိုးရေး ☐
၃		၁ ☐၂ ☐ ၃ ☐ ၄ ☐၅ ☐ ၆ ☐ ၇ ☐	ပညာရေး ☐ ငွေကြေး ☐ ကျန်းမာရေး ☐ ဘာသာရေး ☐ စိုက်ပျိုးမွေးမြူရေး ☐ သာရေး/နာရေး၊ လူမှုဖွံ့ဖြိုးရေး ☐
၄		၁ ☐ ၂ ☐ ၃ ☐ ၄ ☐၅ ☐ ၆ ☐ ၇ ☐	ပညာရေး ☐ ငွေကြေး ☐ ကျန်းမာရေး ☐ ဘာသာရေး ☐ စိုက်ပျိုးမွေးမြူရေး ☐ သာရေး/နာရေး၊ လူမှုဖွံ့ဖြိုးရေး ☐
၅		၁ ☐ ၂ ☐ ၃ ☐ ၄ ☐၅ ☐ ၆ ☐ ၇ ☐	ပညာရေး ☐ ငွေကြေး ☐ ကျန်းမာရေး ☐ ဘာသာရေး ☐ စိုက်ပျိုးမွေးမြူရေး ☐ သာရေး/နာရေး၊ လူမှုဖွံ့ဖြိုးရေး ☐

စဉ်	အမည်	အဖွဲ့အစည်းအမျိုးအစား (မှန်ရာတစ်ခုကိုသာရွေးရန်)	အဖွဲ့အစည်း၏လုပ်ငန်းတာဝန်များနှင့်အစီအစဉ် (အနည်းဆုံးတစ်ခုနှင့်အထက်ရွေးနိုင်သည်)
၆		၁ □ ၂ □ ၃ □ ၄ □ □ ၆ □ ၇ □	ပညာရေး □ ကွေကြေး □ ကျန်းမာရေး □ ဘာသာရေး □ စိုက်ပျိုးမွေးမြူရေး □ သာရေး/နာရေး၊ လူမှုဖွံ့ဖြိုးရေး □

ရင်းမြစ် ... ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု။

မှတ်ချက်။

(၁) ဘာသာရေးနှင့်ပတ်သက်သောအဖွဲ့အစည်း (ပြည်တွင်း/ ပြည်ပ) (ဥပမာ – ဓမ္မစကူးလ် ဖောင်ဒေးရှင်း၊ Christian Aid Missions စသည်)

(၂) အစိုးရမဟုတ်သောအဖွဲ့အစည်း (ပြည်တွင်း/ပြည်ပ) (ဥပမာ –Care International, Save the Children, Gret, Pact Myanmar စသည်)

(၃) အရပ်ဘက်လူမှုအဖွဲ့အစည်း

(၄) နိုင်ငံအများ၏ ရန်ပုံငွေဖြင့်ဆောင်ရွက်သော ဖွံ့ဖြိုးရေး အဖွဲ့အစည်းများ (ဥပမာ-ကုလသမဂ္ဂအဖွဲ့၊ ကမ္ဘာ့ဘဏ်၊ အာရှဖွံ့ဖြိုးရေးဘဏ်)

(၅) နိုင်ငံတစ်ခု၏ ရန်ပုံငွေဖြင့် ဖွဲ့စည်းထားသော ဖွံ့ဖြိုးရေး အဖွဲ့အစည်းများ (ဥပမာ GIZ, UKAid, USAid, စသည်)

(၆) ပရဟိတအဖွဲ့ (ပြည်တွင်း/ ပြည်ပ)

(၇) ပုဂ္ဂလိကအဖွဲ့အစည်းများ

နိုင်ငံတော်မှ ဒေသအကျိုး၊ ပြည်သူ့အကျိုးကို ထိရောက်စွာထမ်းဆောင်နိုင်စေရန်အလို့ငှာ ဥပဒေ၊ နည်းဥပဒေ၊ လမ်းညွှန်ချက်များဖြင့် ပြဋ္ဌာန်းကာ ဖွဲ့စည်းပေးထားနေသော အဖွဲ့အစည်း၊ အသင်းအဖွဲ့များ (ဥပမာ - သမဝါယမဦးစီးဌာန၏ သမဝါယမအသင်း၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန၏ မြစိမ်းရောင် စသည်) တို့ကို ဤဇယားတွင် ထည့်သွင်းဖော်ပြခြင်း မပြုပါရန်။

လေ့လာတွေ့ရှိချက်။ ။လေ့လာတွေ့ရှိချက် - ကျေးရွာတွင် နိုင်ငံတကာအေဂျင်စီအဖွဲ့အစည်းများ လာရောက်ကူညီပေးခြင်းကြောင့်ကျေးလက်ကျန်းမာရေးဌာန(ခွဲ)အဆောက်အဦးနှင့် သောက်သုံးရေရရှိမှု (စက်တပ် ရေတွင်း)တို့ဆောင်ရွက်ပြီးဖြစ်သည်။

(ခ) စီးပွားရေးနှင့် အသက်မွေးမှု အခြေအနေ

(ခ-၁) သီးနှံထုတ်လုပ်ရေး

(၁) စိုက်ပျိုးမြေပိုင်ဆိုင်မှု

ဇယား (၁၃) ကျေးရွာ၏စိုက်ပျိုးမြေ ပိုင်ဆိုင်မှု၊ မြေယာပိုင်ဆိုင်သည့် အိမ်ထောင်စု

စဉ်	မြေပိုင်ဆိုင်မှုအရွယ်အစား	အိမ်ထောင်စုအရေအတွက်	ဖွဲ့ဖြိုးရေးအမြင်သတ်မှတ်ချက်
၁	မြေယာမဲ့	၂၅	မြေမဲ့ယာမဲ့
၂	၂.၅ဧကအောက်	၁၆	ဆင်းရဲသားတောင်သူ
၃	၂.၅ဧကမှ၅ဧကကြား	၂၄	တောင်သူငယ်
၄	၅ဧကမှ၁၂.၅ဧကကြား	၃၆	တောင်သူလတ်
၅	၁၂.၅ဧကအထက်	၁၃	တောင်သူကြီး
ကျေးရွာရှိအိမ်ထောင်စုစုစုပေါင်း		၁၁၄	☒

ရင်းမြစ် ... (၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံး။

လေ့လာတွေ့ရှိချက်။ ။လေ့လာတွေ့ရှိချက် - ကျေးရွာတွင် စိုက်ပျိုးမြေ(ဧက) ဧရိယာအသင့်အတင့်ရှိပြီး မြေယာမဲ့ အိမ်ထောင်စုများကလည်း စိုက်ပျိုးရေးလုပ်ငန်းအပေါ် မှီခိုကာ အလုပ်အကိုင်အသင့်အတင့်ရှိကြသည်။

(၂) အစိုးရနှင့် ပုဂ္ဂလိက ရေအရင်းအမြစ်များမှ ရေသွင်းနိုင်သည့် ဧရိယာ

ဧယား (၁၄) ကျေးရွာ၏ ရေအရင်းအမြစ်နှင့် ရေသွင်းဧရိယာ

စဉ်	အရင်းအမြစ်	ရေသောက်(ဧက)	ရေရရှိနိုင်မှု	
			တစ်နှစ်ပတ်လုံး/ ရာသီအလိုက်(မှန်ရာတစ်ခုကိုသာရွေးရန်)	လုံလောက်မှု (ရှိ/မရှိ) (မှန်ရာတစ်ခုကိုသာရွေးရန်)
၁	ဆည်	၀.၀၀	တစ်နှစ်ပတ်လုံး ☐ ရာသီအလိုက် ☐ မဖြေဆိုပါ ☑	ရှိ ☐ မရှိ ☐ မဖြေဆိုပါ☑
၂	ရေလွှဲဆည်	၂၀၀.၀၀	တစ်နှစ်ပတ်လုံး ☐ ရာသီအလိုက် ☑ မဖြေဆိုပါ ☐	ရှိ ☐ မရှိ ☐ မဖြေဆိုပါ☑
၃	မြစ်ရေတင်စီမံကိန်း	၀.၀၀	တစ်နှစ်ပတ်လုံး ☐ ရာသီအလိုက် ☐ မဖြေဆိုပါ ☑	ရှိ ☐ မရှိ ☐ မဖြေဆိုပါ☑
၄	ရေသွင်းမြောင်း	၀.၀၀	တစ်နှစ်ပတ်လုံး ☐ ရာသီအလိုက် ☐ မဖြေဆိုပါ ☑	ရှိ ☐ မရှိ ☐ မဖြေဆိုပါ☑
၅	အဝီစိတွင်း	၀.၀၀	တစ်နှစ်ပတ်လုံး ☐ ရာသီအလိုက် ☐ မဖြေဆိုပါ ☑	ရှိ ☐ မရှိ ☐ မဖြေဆိုပါ☑

စဉ်	အရင်းအမြစ်	ရေသောက်(ဧက)	ရေရရှိနိုင်မှု	
			တစ်နှစ်ပတ်လုံး/ ရာသီအလိုက်(မှန်ရာတစ်ခုကိုသာရွေးရန်)	လုံလောက်မှု (ရှိ/မရှိ) (မှန်ရာတစ်ခုကိုသာရွေးရန်)
၆	လက်ငင်ရေတွင်း	၀.၀၀	တစ်နှစ်ပတ်လုံး ☐ ရာသီအလိုက် ☐ မဖြေဆိုပါ ☑	ရှိ ☐ မရှိ ☐ မဖြေဆိုပါ☑
၇	စိမ့်စမ်းရေ	၀.၀၀	တစ်နှစ်ပတ်လုံး ☐ ရာသီအလိုက် ☐ မဖြေဆိုပါ ☑	ရှိ ☐ မရှိ ☐ မဖြေဆိုပါ☑
၈	ချောင်းရေ	၂၃၉.၀၀	တစ်နှစ်ပတ်လုံး ☐ ရာသီအလိုက် ☑ မဖြေဆိုပါ ☐	ရှိ ☐ မရှိ ☑ မဖြေဆိုပါ☐

ရင်းမြစ်... (၁) ဦးတည်အုပ်စုဆွေးနွေးခြင်း - လယ်သမားအုပ်စု၊ (၂) ဆည်မြောင်းဦးစီးဌာန၊စိုက်ပျိုးရေးဦးစီးဌာန။

လေ့လာတွေ့ရှိချက်။ ။လေ့လာတွေ့ရှိချက် - ကျေးရွာတွင် လယ်မြေစိုက်ပျိုးဧကများကို စပါးသီးနှံစိုက်ပျိုးနိုင်ရန်အတွက် ဆည်ရေ၊ချောင်းရေများ ရရှိနိုင်သော်လည်း မိုးကောင်းအရပ်ဒေသဖြစ်၍ စိုက်ပျိုးရေ လုံလောက်မှု မရှိသဖြင့် သီးနှံထွက်နှုန်း အသင့်အတင့်သာ ရရှိကြသည်။

(၃) အဓိကသီးနှံများနှင့် အထွက်နှုန်း

ဇယား (၁၅) အဓိကသီးနှံများနှင့် အထွက်နှုန်း

သီးနှံ	စုစုပေါင်းစိုက်ဧက	တစ်ဧကအထွက်နှုန်း				သီးနှံစိုက်ပျိုးသည့်ကာလ		သွင်းအားစုလိုအပ်ချက် (မှန်ရာတစ်ခုကိုသာရွေးရန်)	အမြတ်ရရှိနိုင်မှု(မှန်ရာတစ်ခုကိုသာရွေးရန်)
		ယူနစ်	အနည်းဆုံး	အများဆုံး	ပျမ်းမျှ	မှ	ထိ		
မြေပဲ	၂၃၉	တင်း	၂၀	၄၀	၃၀	နိုဝင်ဘာ	ဖေဖေါ်ဝါရီ	မြင့်☑ လတ်☐ နိမ့်☐	မြင့်☐ လတ်☐ နိမ့်☑
စပါး	၄၃၉	တင်း	၃၀	၅၀	၄၀	ဩဂုတ်	ဒီဇင်ဘာ	မြင့်☑ လတ်☐ နိမ့်☐	မြင့်☐ လတ်☐ နိမ့်☑

ရင်းမြစ်...ဦးတည်အုပ်စုဆွေးနွေးခြင်း - လယ်သမားအုပ်စု။

